မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၂၁ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၇၂)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ငွေချည်(၆)ကဲ့သို့ အမျိုးအစားကောင်းသည့်ဝါကို ပြည်တွင်း၌ပင် စိုက်ပျိုးထုတ်လုပ်နိုင် ချည်မျှင်စက်ရုံများကိုပါ တည်ဆောက်ပေးခဲ့ခြင်းကြောင့် ဝတ်ရေးအတွက် ပြည့်စုံဖူလုံမည်

မီးဘေးလုံခြုံရေးစီမံချက် စနစ်တကျရေးဆွဲပြီး ဇာတ်တိုက်လေ့ကျင့်လုပ်ဆောင် စက်ရုံလုံခြုံမှုအတွက် ဝန်ထမ်းတိုင်း လုံခြုံရေးအသိရှိရေး ပညာပေးဆောင်ရွက်

နေပြည်တော် မတ် ၂၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(ပျော်ဘွယ်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ရှိ အဆိုပါစက်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ စက်ရုံဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်နှင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စက်ရုံဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin ပြည်နယ်အစိုးရမှတာဝန်ရှိသူများနှင့် ပညာရှင်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(ပျော်ဘွယ်)ကို ကောင်းကင်မှ တွေ့ရစဉ် (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၂၁ ရက်)

စင်ကာပူ-မြန်မာဆက်ဆံရေး ချစ်ခင်ရင်းနှီးမှုကာလကြာရှည် နှစ်နိုင်ငံအကျိုးတူစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ မတ်လ ၁၇ရက်နေ့က အလည်အပတ်ရောက်ရှိခဲ့သည်။

စင်ကာပူသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် လွန်ခဲ့သော(၄၃)နှစ်ကတည်းက သံတမန်ဆက်ဆံရေးရှိခဲ့ပြီး ကာလကြာရှည် ချစ်ကြည်ရင်းနှီးမှုရှိခဲ့သော နိုင်ငံများဖြစ်ကြသည်။ အရှေ့တောင်အာရှနိုင်ငံများဖြစ်ပြီး အစိုးရဝန်ထမ်းအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း အပြန်အလှန်ဆက်ဆံရေးများ ပုံမှန်ရှိခဲ့သည်။

စင်ကာပူသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုနှင့် ပြည်ပထွက်ပေါက် ဗဟိုအချက်အချာ ဖြစ်သည်။ မြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်ပြီး အာဆီယံလွတ်လပ်သော ကုန်သွယ်နယ်မြေအတွင်း သတ်မှတ်ထားရှိချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများသည် ခေတ်မီတိုးတက်လျက်ရှိပြီး အကျိုးတူစီးပွား ပူးပေါင်းဆောင်ရွက်မှုများ၊ ကုန်သွယ်မှု၊ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများတွင် အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်သည်။

စင်ကာပူနှင့် မြန်မာတို့သည် တူညီသော ယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် တိုင်းရင်းသားပေါင်းစုံ နေထိုင်သော နိုင်ငံများဖြစ်သည်။ နှစ်နိုင်ငံအနုပညာရှင်များ ဖလှယ်ခြင်းနှင့် အခြားသော ပူးပေါင်းဆောင်ရွက်မှုများဖြင့် နှစ်နိုင်ငံပြည်သူများအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုကို တိုးတက်မြင့်မားစေခဲ့သည်။

စင်ကာပူနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အကျိုးပြုလုပ်ငန်းများကို ကူညီပေးသွားပြီး ပိုမိုရင်းနှီးချစ်ကြည်သော အာဆီယံအဖွဲ့အစည်းကို အတူတကွ တည်ဆောက်ရာတွင် မြန်မာနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းကို စင်ကာပူဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းက ထုတ်ဖော် ပြောကြားခဲ့ပေသည်။

နှစ်နိုင်ငံဆက်ဆံမှုသည် နှစ်ကာလကြာလာသည်နှင့်အမျှ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာရပြီး နှစ်နိုင်ငံအကြား ဆက်ဆံမှု အနေအထားသာမက ဒေသတွင်းအဖွဲ့အစည်းများနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင်ပါ တိုးတက်ဖြစ်ပေါ်လာခဲ့သည်ကို တွေ့မြင်ရမည် ဖြစ်ပေသည်။

မြန်မာနိုင်ငံနှင့်စင်ကာပူသမ္မတနိုင်ငံတို့သည် နှစ်ကာလကြာရှည်ကတည်းက ရင်းနှီးချစ်ခင်မှုရှိခဲ့ပြီးဖြစ်ရာ နှစ်နိုင်ငံခေါင်းဆောင်များ၏ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမှုများ၊ နွေးထွေးစွာကြိုဆိုပြီး လိုက်လှဲပျူငှာစွာ ဧည့်ဝတ်ပြုမှုများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုအခွန့်ရှည် ခိုင်မြဲစေမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နာဂစ်လွန်မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် စံပြမယ် ပန်းပုပြိုင်ပွဲ ဖွင့်လှစ်

ရန်ကုန် မတ် ၂၀

နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် စံပြမယ်ပန်းပုထုပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံပလာဇာတွင် ကျင်းပသည်။

ဖွင့်ပွဲသို့ ပန်းပုပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ နာယက ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဦးစီးကော်မတီအဖွဲ့ဝင်များ၊ ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များ၊ ဗဟိုသမဝါယမအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ပြိုင်ပွဲကို ပန်းပုပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် ဗဟိုသမဝါယမအသင်းလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်တင်နှင့် ပန်းပုပြိုင်ပွဲကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်(ခ)ပန်းချီလှတင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲအတွက် စည်းကမ်းချက်များကို မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)အတွင်းရေးမှူး ဦးကြည်ဝင်း(တူဒေး)က ရှင်းလင်းပြီး ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင်စိုးပြည့်သဇင်အား စံပြမယ်ထား၍ ပန်းပုပညာရှင်အဖွဲ့ပေါင်း ၁၅ဖွဲ့က ကိုးရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ထုဆစ်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ ပန်းပုအရောင်းပွဲတော်တွင် စံပြမယ်များထား၍ လက်တွေ့ပန်းချီပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်ရာ ပန်းချီပြိုင်ပွဲအတွက် ဆုများကို ထွန်းဖောင်ဒေးရှင်းဘဏ်ကလည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲအတွက်ဆုများကို နီကွန်ဖလင်ကုမ္ပဏီကလည်းကောင်း ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ (၁၆၄)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အမေရိကန်ပြည်သူများ အီရတ်စစ်ပွဲဆန့်ကျင်ဆန္ဒပြ

ဝါရှင်တန် မတ် ၂၀

အမေရိကန်နိုင်ငံတွင် ပြည်သူများက အီရတ်စစ်ပွဲ ခြောက်နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့အဖြစ် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲကို နိုင်ငံတစ်ဝန်း၌ မတ် ၁၉ရက်က ကျင်းပကြောင်း အင်တာနက်သတင်း၌ ပါရှိသည်။

စစ်ပြန်စစ်မှုထမ်းများကလည်း အိမ်ဖြူတော်အနီး၌ စစ်ဆန့်ကျင်ရေးဆန္ဒပြခဲ့ကြပြီး အီရတ်နှင့် အာဖဂန်နိုင်ငံတို့အား အမေရိကန်တပ်ဖွဲ့များက သိမ်းပိုက်ထားခြင်းကို အဆုံးသတ်သတိပေးရန် စစ်ဆန့်ကျင်ရေး အီရတ်စစ်ပြန်များအဖွဲ့က တောင်းဆိုသည်။

စိတ်ပျက်

အမေရိကန်သမ္မတ ဘားရက်အိုဘားမားအား စစ်ဆန့်ကျင်သူအဖြစ် စစ်မလိုလားသူများက ထောက်ခံကြသည်။ ဘားရက်အိုဘားမားက သမ္မတတာဝန်ယူပြီး ၁၆လအတွင်း အမေရိကန်တပ်ဖွဲ့များကို အီရတ်မှ ရုပ်သိမ်းပေးမည်ဟု ကတိပေးထားသော်လည်း ဆောင်ရွက်ရန်ပျက်ကွက်သဖြင့် ၎င်းအားထောက်ခံသူများက စိတ်ပျက်ကြသည်ဟု ဆိုသည်။

ထုတ်ပြန်

ဖေဖော်ဝါရီလအတွင်း၌ အီရတ်မှ တပ်များရုပ်သိမ်းရေးကိစ္စတွင် တိုက်ခိုက်ရေးတပ်ဖွဲ့ အများစုပါဝင်သော တပ်များကို ၁၈လအတွင်း ရုပ်သိမ်းပေးမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

အဆိုပါသတင်းအရ တိုက်ခိုက်ရေးတပ်မဟုတ်သော တပ်ဖွဲ့ဝင် ၅၀၀၀၀တို့ ၂၀၁၀ပြည့်နှစ် ဩဂုတ်လတွင် အီရတ်၌ ဆက်လက်ကျန်ရှိမည်ကို ဒီမိုကရက်အများစုက မလိုလားကြပေ။

ကြွေးကြော်

ကယ်လီဖိုးနီးယားနှင့် နယူးယောက်မြို့များ၌ ပြည်သူ ရာပေါင်းများစွာတို့က ပိုစတာများကိုင်ဆောင်ကာ ကြွေးကြော်ဆန္ဒပြခဲ့ကြသည်။ (အင်တာနက်)

အီရန်အား ပိတ်ဆို့မှု အမေရိကန်လျှော့ချဖွယ်ရှိ

ဝါရှင်တန် မတ် ၂၀

အမေရိကန်သမ္မတ အိုဘားမား၏ စီမံခန့်ခွဲမှုကြောင့် အမေရိကန်နှင့်အီရန်တို့ ဆက်ဆံရေးပျော့ပျောင်းသည့် လက္ခဏာများ ပေါ်ထွန်းလာကြောင်း၊ အမေရိကန် သံတမန်များနှင့် အီရန်အရာရှိများအကြား ဆက်ဆံရေးအရ မကြာမီကာလအတွင်း အီရန်အပေါ် အမေရိကန်၏ အရေးယူပိတ်ဆို့မှု လျှော့ချဖွယ်ရှိကြောင်း သံတမန်သတင်းရပ်ကွက်က ပြောကြားသည်။

သို့သော်လည်း အီရန်အပေါ် ထားရှိသည့် အမေရိကန်၏မူဝါဒမှာ လေ့လာဆန်းစစ်မှုများအရ ပြီးပြည့်စုံမှု မရှိသေးကြောင်း၊ ဆွေးနွေးဆုံးဖြတ်ဆဲပင် ဖြစ်ကြောင်းလည်း ယင်းသတင်းရပ်ကွက်က ပြောကြားသည်။ အမ်အင်န်အေ၊ရိုက်တာ

ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဖြည့်ဆည်းဆောင်ရွက်ပေး

ရန်ကုန် မတ် ၂၀

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မတ် ၁၅ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်၌ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ဝန်ကြီးသည် မတ် ၁၆ရက်တွင် နမ္မတီးမြို့ မိုက္ကရိုဝေ့ဗ်စခန်း၌ CDMA- 450 စနစ် စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးကောင်းမြို့နယ် လမ်းခွကျေးရွာ၌ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မြစ်ကြီးနား-တနိုင်း မော်တော်ကားလမ်း တစ်လျှောက် လမ်းနှင့်တံတားများ ဖောက်လုပ်ထားရှိမှု၊ နွေစပါးနှင့်ရော်ဘာစိုက်ခင်းများ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဖားကန့်မြို့နယ် နောင်းမီကျေးရွာအနီးရှိ ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်၌ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံပြီး ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း၏ နွေစပါးစိုက်ခင်းနှင့် ပီလောပီနံစိုက်ခင်း၊ ပီလောပီနံ ပျိုးပင်ထုတ်လုပ်ရေးအလုပ်ရုံ(**အပေါ်ပုံ**)နှင့် ကွန်ကရစ်ရေကျော်ပြွန်ထုတ်လုပ်ရေး အလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ကာမိုင်းမြို့၌ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၁-၃-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၇)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ချောကလက်ဝိုင်** လူမင်း၊ အိန္ဒြာကျော်ဇင်
၁၃း၅၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၃၁)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၅	၆။	ဖွားချစ်က တားမြစ်ထားသည်
၅း၀၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀	၈။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၂။	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀	၁၃။	(၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း **သားကောင်းမိခင်** (ဇာတ်သိမ်း) နေတိုး၊ ထွန်းထွန်း၊ စိုင်းစိုင်းခမ်းလှိုင်၊ စိုးမြတ်သူဇာ၊ ပန်းဖြူ (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	(၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအငြိမ့်
	၁၈။	အင်္ဂလိပ်စာသုတ (English Usage)
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုတ်မုန့်ချစ်သူ** (အပိုင်း-၇)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် တစ်ဆင့်ချင်း စနစ်တကျ အကောင်အထည်ဖော်လျက်ရှိ

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး နိုင်ငံတော်အစိုးရနှင့် ဆက်လက်ဝိုင်းဝန်းပူးပေါင်းလက်တွဲဆောင်ရွက် ပြည်တွင်းပြည်ပအဖျက်အမှောင့်သမား၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အန္တရာယ်ကို သတိရှိရှိဖြင့်ကာကွယ်တိုက်ဖျက်

နေပြည်တော် မတ် ၂၀

စစ်ကိုင်းတိုင်း မုံရွာခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ် ခွဲစိတ်ကုသပေးမှုအောင်ပွဲ အခမ်းအနားကို မတ် ၁၈ရက် နံနက် ၉နာရီခွဲတွင် ပုလဲမြို့ မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဝိဟာရ သာသနာ့ဗိမာန်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ မျက်စိခွဲစိတ်ကုသပေးသည့် ဆရာဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုဝင်များဖြစ်ကြသော မြို့ပေါ်ကျေးရွာအုပ်စု၊ တောင်ပေါ်ကျေးရွာအုပ်စု၊ မြေပြန့်ကျေးရွာအုပ်စုစသည့် ကျေးရွာအုပ်စု သုံးအုပ်စု၊ ရွာပေါင်း ၆၁ရွာတို့မှ ဒေသခံပြည်သူ ၁၅၀၀ကျော် တက်ရောက်ကြသည်။

တပ်ဆင်လှူဒါန်း

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများက မျက်စိခွဲစိတ်ကုသပြီး ဝေဒနာရှင်များအား နေကာမျက်မှန်များ၊ အနီးကြည့်၊ အဝေးကြည့် မျက်မှန်များကို တပ်ဆင်လှူဒါန်းပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကား အသီးသီး ပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက ပုလဲမြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ ဝန်ကြီးနှင့် ဇနီးမိသားစုက ပုလဲမြို့ ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ၁၀သိန်း၊ ရွှေတောင်ကုမ္ပဏီက ပုလဲမြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေ ကျပ်သိန်း၂၀၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းမိသားစုက ပုလဲမြို့ ဆင်မြတ်ရှင် ဘုရားကြီးပြုပြင်မွမ်းမံရန်အတွက် ငွေကျပ်ငါးသိန်းနှင့် ပုလဲမြို့ ဗုဒ္ဓဝိဟာရ သာသနာ့ဗိမာန်အတွက် ငွေကျပ်နှစ်သိန်း၊ မင်းတိုင်ပင် ကျေးရွာအုပ်စု ကျောက်ဖျာကံ ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ငွေကျပ်ငါးသိန်းတို့ကို လည်းကောင်း၊ Gano Excel Myanmar ကုမ္ပဏီမှ ဒေါ်နွယ်နွယ်စိုးက ဝက်ကျ ကျေးရွာတိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀နှင့် ပုလဲမြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀သိန်းကိုလည်းကောင်း ပေးအပ် လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ စစ်ကိုင်းတိုင်း မုံရွာခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဆေးပဒေသာပင် လှူဒါန်းခြင်းအတွက် ဝက်ကျကျေးရွာ ဒေသခံပြည်သူများကိုယ်စား ဦးသန်းလှိုင်နှင့် မျက်စိကုသမှုခံယူခဲ့သည့် ဝေဒနာရှင်များကိုယ်စား ပုလဲမြို့ မြို့မိ၊ မြို့ဖ ဦးသောင်းစိန်တို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

တိုက်တွန်းမှာကြား

တွေ့ဆုံပွဲ၌ တိုင်းမှူးက မုံရွာခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပွဲတွင် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ အလားတူ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ နိုင်ငံတော် အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဂုဏ်ယူဝမ်းမြောက်

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့သည် မုံရွာခရိုင်အတွင်းရှိ မြို့နယ်များနှင့် အနီးပတ်ဝန်းကျင်ဒေသများရှိ မျက်စိဝေဒနာရှင်များ၏ မျက်စိအလင်းရရှိသော အလင်းအောင်ပွဲနေ့ အခမ်းအနားဖြစ်သည့်အတွက် ဒေသခံပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ် နေ့တစ်နေ့ ဖြစ်ကြောင်း။

မျက်စိစမ်းသပ်စစ်ဆေး ခွဲစိတ်ကုသမှု အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သည့် မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသအာဏာပိုင်များနှင့် ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်သူများ လက်တွေ့ခံစားသိရှိနေကြပြီ ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံအတွင်း ဒေသအသီးသီးတွင် တာဝန်ရှိသူများက ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သီးခြားစီစဉ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် တစ်ဆင့်ချင်း စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့် ဆက်လက်ဝိုင်းဝန်းပူးပေါင်းလက်တွဲအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါရန် မှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံတော်အား ပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ဆောင်လျက်ရှိသော ပြည်တွင်းပြည်ပမှ အဖျက်အမှောင့်သမား၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အန္တရာယ်ကိုလည်း သတိရှိရှိဖြင့် ဝိုင်းဝန်းကာကွယ် တိုက်ဖျက်သွားရန် လိုအပ်ပါကြောင်း။

ထိန်းသိမ်းမြှင့်တင်

ယနေ့ မြန်မာနိုင်ငံ တစ်ဝန်းတွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တည်ဆောက်ထားရှိပြီးဖြစ်သည့် အားလျော်စွာ ရရှိထားသော ဖွံ့ဖြိုးတိုးတက်မှုများကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

လှူဒါန်းငွေ

ယနေ့ ဆေးပဒေသာပင်အတွက် ရရှိသော လှူဒါန်းငွေပေါင်းမှာ ပုလဲမြို့ ပြည်သူ့ဆေးရုံအတွက် ငွေကျပ် သိန်း ၅၀၊ ဝက်ကျကျေးရွာ တိုက်နယ်ဆေးရုံအတွက် ငွေကျပ်သိန်း ၁၀၀ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စစ်ကိုင်းတိုင်း မုံရွာခရိုင်အတွင်းရှိ မျက်စိခွဲစိတ်ကုသပြီး ဝေဒနာရှင်များအား နေကာမျက်မှန်၊ အနီးကြည့်၊ အဝေးကြည့်မျက်မှန်များကို တပ်ဆင်လှူဒါန်းပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအတွင်းရှိ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများအား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တွေ့ဆုံမှာကြား

ရန်ကုန် မတ် ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ညနေ၄နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဗိုလ်တထောင်ဆိပ်ကမ်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက ဆိပ်ကမ်းနယ်မြေ သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီမှ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြသပြီး တိုင်းမှူးနှင့် ဒုတိယမြို့တော်ဝန်တို့က ဖြည့်စွက်တင်ပြကြကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဗိုလ်တထောင်ဆိပ်ကမ်း၊ လမ်းမတော်ဆိပ်ကမ်း(၁)၊ (၂)၊ ဘုန်းကြီးလမ်းဆိပ်ကမ်း၊ လှည်းတန်းဆိပ်ကမ်း၊ လမ်းသစ်ဆိပ်ကမ်းနှင့် ဝါးတန်းဆိပ်ကမ်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

အထက(၁)လသာ (စင်ထရယ်) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၀

အထက(၁)လသာတွင် လုပ်သက် ငါးနှစ်အထက်ရှိ အသက်၅၅နှစ်ပြည့် ၁၉၈၆ခုနှစ် နောက်ပိုင်းတွင် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မတ်၂၂ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(၁)လသာ ဗဟိုစံပြခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားထား

ဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပါရန်နှင့် ကျောင်းသားဟောင်းများအားလုံး မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲသို့ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းနိုင်

အလှူငွေများကို ကိုသန်းနိုင် ဖုန်း-၀၉-၅၁-၁၇၁၃၈၊ ကိုသန့်ဇော်အေး ဖုန်း-၀၉-၅၁-၀၀၃၅၁၊ ကိုကျော်ကျော်ထင် ဖုန်း-၀၉-၅၁-၃၂၁၉၇၊ ကိုဆန်းထွန်း ဖုန်း-၀၉-၈၇-၆၂၈၈၉ နှင့် ကိုအောင်အောင်ဦး ဖုန်း-၀၉-၅၁-၇၁၆၆၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

Temasek Poly Seminar ကျင်းပမည်

ရန်ကုန် မတ် ၂၀

Shino Universal Services က ကြီးမှူး၍ Temasek Poly Seminar ကို ဧပြီ၄ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ရာညွှန့်လမ်း အမှတ်၃၈-၄၀(ပထမထပ်)၌ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဖုန်း-၃၉၃၀၄၁၊ ၃၉၃၁၄၀၊ ၀၉-၅၁-၉၁၈၀၂တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာဒုံ တပ်မတော်ကလေးများကျောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၀

နှစ်စဉ်ကျင်းပမြဲဖြစ်သော မင်္ဂလာဒုံတပ်မတော်ကလေးများကျောင်း (ယခု အထက-၁၊ အထက-၅) ကျောင်းသူ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဧပြီ၅ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(၁) မင်္ဂလာဒုံ (ဝါယာလက်) မြရောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေ၊ ပစ္စည်းများလှူဒါန်းလိုပါက ဦးအောင်ရွှေ-ဒေါ်မြင့်မေ ဖုန်း-၆၂၀၅၅၁၊ ဦးစိုးမြင့် (နယူးရွှေစင်)ဖုန်း- ၀၉-၅၀-၆၃၂၂၈၊ ဦးမြတ်မင်း ဖုန်း-၆၈၀၇၆၄၊ ဦးအေးကို ဖုန်း-၆၀၀၀၉၃၊ ဗိုလ်မှူးဒေါ်ကြင်စန်း(ငြိမ်း) ဖုန်း-၅၆၁၇၄၁၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၆၃၇၂၀၉၊ ဒေါ်မြင့်မြင့်ဌေး ဖုန်း-၆၃၅၀၁၉နှင့် ဗိုလ်မှူးအုန်းသောင် (ငြိမ်း) ဖုန်း-၆၃၅၃၉၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

* ငါတို့နေပြည်
စည်ပင်ဖွံ့ဖြိုး…အလှတိုးလျက်၊
အိုးအိမ်တိုက်တာ…ခံ့ညားစွာတည့်၊
ညီညာပေါင်းစု…ကြိုးစားမှုဖြင့်၊
ပြုပြင်တည်ဆောက်…ရွှေရောင်တောက်ချိန်၊
ကြောက်ဖွယ်ကောင်းစွ…မပေါ့ဆနှင့်၊
ဘဝဖျက်ဆီး…ရန်သူမီး။

* အမှိုက်က…စ
ပြာသာဒ်မီးလောင်…မဖြစ်အောင်လျှင်၊
ဆောင်ရန်ရှောင်ရန်…အပြစ်ဒဏ်တွေ၊
မှန်ကန်သိပြား…လိုက်နာထားလျက်၊
သေးမွှားမီးစ…မချန်ကြနှင့်၊
ညအိပ်ရာဝင်…မီးကင်းစင်လော့။
မီးကြွင်း…မီးကျန်…ငြိမ်းသတ်မြန်လော့။
ရွက်ခြောက်လောင်စာ…ရှင်းပစ်ပါလော့။
မီးသုံးစွဲလျှင်…သတိယှဉ်လော့။
ကလေး, ရွယ်အို…မီးမဖိုနှင့်။

* ငါတို့တည်ထောင်…မြန်ပြည်ဘောင်ဝယ်၊
မီးလောင်မှု…ကင်း…စဉ်သန့်ရှင်းမှ၊
ထိန်လင်းဝေဖြာ…စည်ပင်သာ၍၊
မြန်မာ့ဂုဏ်ရည်…အစွန့်ရှည်မည်၊
ပြည်ထောင်စု…ပန်း…လန်းသထက်လန်းကာ၊
စိတ်ဝမ်းချမ်းမြေ့…ပျော်ရွှင်မွေ့ရန်၊
အန္တရာယ်…မီး…သတိကြီးစွာ…ထားကြပါလော့။ ။

စောယင်ယင် (မိုးညှင်း)

● ကျောဖုံးမှ

နွေရာသီတွင် ရေငန်ဝင်ရောက်မှုမှ တားဆီးပေးနိုင်ရန်၊ မိုးရာသီတွင် မိုးရေများ အချိန်မီထုတ်ပေးရန်၊ ပြင်ပရေတက်ချိန်တွင် ကုန်းတွင်းသို့ မဝင်ရောက်နိုင်ရေး ကာကွယ်ရန်၊ မိုးရာသီ ကုန်ချိန်တွင် ကုန်းတွင်းပိုင်း ရေနက်ကွင်းမှ ရေများ ဆောလျင်စွာ ထုတ်ပစ်နိုင်သဖြင့် စိုက်ပျိုးသီးနှံများကို အချိန်စော၍ စိုက်ပျိုးနိုင်ရန် ရည်ရွယ် တည်ဆောက်ခဲ့သည့် ရင်းငြိမ် ရေထိန်းတံခါးကို ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၇ရက်က ဖွင့်လှစ်ပေးခဲ့သည်။

အကျိုးဖြစ်ထွန်း

ရင်းငြိမ် ရေထိန်းတံခါးကြောင့် ပေါင်မြို့နယ်အတွင်းရှိ ရေနက်ကွင်း၊ ရေကြီးကွင်းမှ လယ်ယာမြေများ ပြန်လည်ဖော်ထုတ် စိုက်ပျိုးနိုင်ကြပြီ ဖြစ်သည်။ ထို့ပြင် မိုးရာသီအတွင်း ရေကြီးကွင်းများသို့ ပြင်ပမြစ်ရေ ဝင်ရောက်မလာစေရန်နှင့် ပိုလျှံရေများကို မုတ္တမကွေ့ဘက်သို့ စွန့်ထုတ်နိုင်ခဲ့ပြီဖြစ်ရာ ပေါင်မြို့နယ်အတွင်းရှိ ရေနက်ကွင်း၊ ရေကြီးကွင်းဧက ၂၀၀၀၀ကျော်မှာ မိုးရာသီတွင် ရေနစ်မြုပ်ခြင်းဘေးမှ ကာကွယ်နိုင်ခဲ့သလို နွေရာသီတွင် ရေငန်ဝင်ရောက်မှုဘေးမှ ကာကွယ်နိုင်ပြီဖြစ်ရာ ဒေသခံတောင်သူလယ်သမားများမှာ အကျိုးဖြစ်ထွန်းနေပေပြီ။

အမျိုးအစား

မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံဟော်ရွာအထက် တစ်မိုင်ခွဲခန့် အကွာတွင် တည်ဆောက်ထားသည့် ရင်းငြိမ်ရေထိန်းတံခါး၏ ရေဆင်းဧရိယာမှာ ၃၁ဒသမ၂၅ စတုရန်းမိုင်ရှိ၍ ကွန်ကရစ်ရေထိန်းတံခါးအမျိုးအစားဖြစ်သည်။ ရေတံခါးအရွယ်အစားမှာ အကျယ် ၁၆ပေ၊ အမြင့် ၁၆ပေရှိ တံခါးပေါက် ၄၀ပါဝင်သည်။ ရေခေါ်မြောင်းမကြီးမှာ အလျားပေ ၂၆၀၀ရှိကာ ရေထုတ်မြောင်းမကြီးမှာ အလျားပေ ၂၄၀၀ရှိပြီး လယ်မြေဧက ၂၀၀၀၀ကို အကျိုးပြုလျက်ရှိပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ် **General Chen Bingde** အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီးနောက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ စစ်သံမှူး Senior Colonel Gao Tiejun၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

စဉ့်ကူးမြို့ အမက(၇၄) ပညာရည်ချွန်ဆုချီးမြှင့်

စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာ အမက(၇၄) မူလတန်းလွန်ကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၇ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးနိုင်ထွန်းအောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေမီခိုင်နှင့် ဆရာ ဆရာမများက အတန်းလိုက် ပညာရည်ချွန်ဆုနှင့် အားကစားထူးချွန်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ရေစကြို၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြော

ပွင့်လင်းရာသီရောက်ရှိနေသည့်အတွက် ရေစကြိုမြို့နယ်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ညွှန်ကြားချက်နှင့်အညီ ရေစကြိုမြို့ပေါ်နယ်မြေရှစ်ခု တို့တွင် ရပ်ကွက်မီးကင်းများအားလုံး ဖွင့်လှစ်ပြီး မြို့ပေါ်နှင့်နယ်များတွင် မတ် ဖရက်က မြို့နယ်မီးသတ်ဦးစီးမှူးဦးကျော်နိုင်လင်းနှင့် မီးသတ်ရဲဘော်များက ရပ်ကွက်တစ်ခုချင်းအလိုက်သွားရောက်၍ လက်လှမ်းမီရာ ကျေးရွာများအရောက် မီးသတိပေးနှိုးဆော်ခြင်း၊ မီးငြိမ်းသတ်အထောက်အကူပြုပစ္စည်းများထားရှိရေး၊ မီးစနစ်တကျသုံးစွဲရေး ဟောပြောဆောင်ရွက်ပေးကြောင်း သိရသည်။ (ဝဖ၉)

တမူး၌ မီးဘေးအန္တရာယ်ကင်းရှင်းရေး ညှိနှိုင်းစည်းဝေး

စစ်ကိုင်းတိုင်း တမူးခရိုင်အတွင်း မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၆ရက် ညနေ ၆နာရီခွဲက တမူးမြို့ မီးသတ်တပ်ဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်း တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးတင့်ဇော်က မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြသည်။ (ခရိုင် ပြန်/ဆက်)

ပျော်ဘွယ် အထက(၁) အာစရိယပူဇော်

ပျော်ဘွယ်မြို့ အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက ကျောင်းမွှောရုံ၌ ကျင်းပရာ အခမ်းအနားတွင် ဆရာ ဆရာမ ၆၃ ဦးတို့အား စုပေါင်းကန်တော့ကြပြီး ငွေသားနှင့်လက်ဆောင်ပစ္စည်းများဖြင့် ပေးအပ်ပူဇော်ကြသည်။ (ဝ၈၅)

အင်ကြင်းမြိုင်ကျေးရွာ၌ ရေစုကန်ဆောင်ရွက်

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဂါလန် ၅၀၀၀ဆံ့ ရေကန်ဆောက်လုပ်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို အင်ကြင်းမြိုင်ကျေးရွာ၌ ဆောင်ရွက်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်မျိုးလတ်မှ အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁ရက်က မြို့နယ် တာဝန်ခံအရာရှိ(လက်ထောက်ညွှန်ကြားရေးမှူး) ဦးဇော်မိုးနှင့် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့က ကွင်းဆင်းကြီးကြပ်စစ်ဆေးပြီး လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီရန် မှာကြားသည်။ (မြို့နယ်စည်ပင်)

သီပေါတွင် အထူးဈေးရောင်းပွဲတော်ဖွင့်

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ ဒုဋ္ဌဝတီပြည်သူ့အားကစားကွင်း၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း မန္တလေး ကျောက်ပြားစက်ရုံ စက်ရုံမှူး ဗိုလ်မှူးအောင်ဇော်မိုးနှင့် သီပေါမြို့နယ် ဥက္ကဋ္ဌ ဦးခင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဝ၂ဝ)

နွားထိုးကြီး၌ ဝါကြိတ်စက်သစ်ဖြင့် စမ်းသပ်ကြိတ်ခွဲ

နွားထိုးကြီးမြို့နယ်တွင် ငွေချည်(၆)ချည်မျှင်ရှည်ဝါကို နွားထိုးကြီး၌ပင် ခေတ်မီ အိန္ဒိယလုပ် ဝါကြိတ်စက်သစ်သုံးလုံးဖြင့် စမ်းသပ်ကြိတ်ခွဲနေပြီဖြစ်ရာ နွားထိုးကြီး အထည်အလိပ်လုပ်ငန်းမှ ဝယ်ယူရရှိနေပြီဖြစ်သော ငွေချည်(၆)ဝါ ပိဿာချိန် တစ်သိန်းကျော်ကို ဝါဂွမ်းအဖြစ် စတင်ကြိတ်ခွဲအောင်မြင်နေပြီဖြစ်၍ ဝါကြိတ်စက်ဖွင့်၍ မြို့နယ် အလုပ်သမားများ အလုပ်အကိုင်ရရှိတော့မည်ဖြစ်သည်။ (ဝ၉၂)

မီးသတ်ယာဉ်ကြံ့ခိုင်မှု စစ်ဆေး

မန္တလေးတိုင်း ဦးစီးမှူး ဦးတင်မင်းနှင့်အဖွဲ့သည် တိုင်းအတွင်းရှိ မီးသတ်ယာဉ်များ ကြံ့ခိုင်မှုရှိ မရှိနှင့် အသင့်အနေအထား ရှိမရှိ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ မတ် ၁၃ရက်က ပြည်ကြီးတံခွန်မြို့နယ် စက်မှုမြို့သစ်(၁) (ဈ)ရပ်ကွက် အရန်မီးသတ်စခန်း၌ မီးသတ်ယာဉ်ပြုပြင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ (ဝ၉ဝ)

မြဝတီ၌ ရေပေးရေးလုပ်ငန်းဆောင်ရွက်

မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း လုပ်ငန်းဖြင့်ဆောင်ရွက်သည့် အမှတ်(၄)ရပ်ကွက် ရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်ကျော်မင်း ဖေဖော်ဝါရီ ၂၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးတို့ ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့ အော်တိုအိတ်ချိန်း

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

နေပြည်တော် မတ် ၂၀

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်းအိတ်ချိန်းဖွင့်ပွဲကို မတ်၁၈ရက် နံနက်၇နာရီက ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းတို့က အော်တိုတယ်လီဖုန်း အိတ်ချိန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် အော်တိုအိတ်ချိန်းအတွင်း ကြည့်ရှုစစ်ဆေးပြီးနောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

ဖွင့်လှစ်ပေး

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်သိန်းထွန်းတို့ ဘုတလင်မြို့အော်တိုအိတ်ချိန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရုပ်ရှင်ဇာတ်ကားသစ်များ ရုံမဝင်သေး ပြဆဲဇာတ်ကားများသာ ဆက်လက်ပြသလျက်ရှိ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မတ် ၂၀

ယခုသောကြာပတ်တွင် ရုပ်ရှင်ဇာတ်ကားသစ်များ ရုံဝင်လာခြင်း မရှိသေးဘဲ ပြဆဲဇာတ်ကားများသာ ဆက်လက်ပြသနေဆဲဖြစ်သည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့်ရုံများတွင် ဒါရိုက်တာညီညီထွန်းလွင် ရိုက်ကူးသည့် **အမျိုးနှင့် မသက်ဆိုင်သောသူမှာ** အကြိုက်များလျက်ရှိသဖြင့် ရုံဝင်ကောင်းနေဆဲဖြစ်သည်။ မျက်မှန်နက်က နေကာဖို့၊ မျက်မှန်ဖြူကလကို ကာဖို့ဆိုပြီး မှန်အနက်နှင့် အဖြူကို မျက်မှန်တစ်လက်ထဲမှာ တစ်ဖက်စီတပ်ပြီး လောကကြီးကို တည့်တည့်ရှုမြင်တတ်သော ချစ်ရူးကို အမျိုးနှင့် မသက်ဆိုင်သော ကျပ်မပြည့်သူအဖြစ် မည်သူကမျှ ဝိုင်းပယ်ထားခြင်းမရှိသည်မှာ အဘယ်ကြောင့်ပါနည်း။ ထိုအကြောင်းများကြောင့်ပင် ထိုရုပ်ရှင်ဇာတ်ကားသည် ယနေ့အထိ ဝင်ငွေကောင်းနေဆဲဖြစ်နေပါသည်ဟု ဆိုရလျှင် လွန်အံ့မထင်ပါ။

Out Lander ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။



နိုင်ငံခြားဇာတ်ကားများ

ရွှေ့ဆောင်ရုံတွင် အိန္ဒိယ၏ နိမ့်ကျသော လူနေမှုဘဝထဲက ရုန်းထွက်ပြီး သန်းကြွယ်ဘဝရောက်သွားရပုံများကို သဘာဝကျကျရိုက်ကူးတင်ပြထားသဖြင့် ၂၀၀၈ ခုနှစ်အတွက် အော်စကာဆုရှစ်ဆု ရရှိထားသည့် Slumdog Millionaire ဇာတ်ကား ပြသနေဆဲဖြစ်သည်။ နေပြည်တော်ရုံတွင် ထူးခြားသော ဂြိုဟ်သားနှင့် ကမ္ဘာမြေမှ လူသားတို့၏တိုက်ပွဲဇာတ်ကား Out Lander ပြသနေဆဲဖြစ်သည်။ မြို့မရုံတွင် Kollimalai Singam အိန္ဒိယဇာတ်ကားရုံဝင်လာသည်။ လူသားတို့ သေခြင်းတရားမှ လွတ်ကင်းစေရန် ဖန်ဆင်းပေးထားသော သီဝ ဓာတ်လုံးမှာ လူသားတို့၏ လောဘ၊ ဒေါသ၊ မောဟကြောင့် ပျောက်ဆုံးသွားရာ ယင်းဓာတ်လုံး ရှာပုံတော်ကို ထူးခြားဆန်းကြယ်စွာ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ။

အမျိုးနှင့် မသက်ဆိုင်သောသူ ဇာတ်ကားမှ ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို၊ ရဲအောင်။

(မြန်မာ့အလင်း)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မတ် ၂၀

ရန်ကုန်ဂေါက်အသင်း (ဒညင်းကုန်း)၌ ဦးမောင်မောင်ဝင်း (NIKON) သည် မတ် ၁၄ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ကစားဖော်များဖြစ်သော ဦးထွန်းလွင်(ရွှေမဲကုမ္ပဏီ)၊ ဦးနိုင်မိုး(ရွှေမဲကုမ္ပဏီ)၊ ဦးအိုက်လင်း(ပတ္တမြားရောင်ခြည်ကုမ္ပဏီ)၊ ဦးမြင့်ကြည်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၄) ကိုက် ၁၆၀ အကွာ၌ Titleist PRO V1 ဘောလုံးအား Manuman Iron (6) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ **(ရန်ကုန်ဂေါက်အသင်း)**

မိုးကောင်း၌ မြို့ပတ်လမ်း ကတ္တရာခင်း

မိုးကောင်း မတ် ၂၀

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် ဖေဖော်ဝါရီ ၁၃ ရက်က မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့က ရှင်းလင်းတင်ပြခဲ့ကြသည်။ (ဝဝ၁)

မိုးညှင်း၌ ထမနဲထိုးပြိုင်ပွဲဆုရသူများ ဆုချီးမြှင့်

မိုးညှင်း မတ် ၂၀

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်အဆင့် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ရက်က မိုးညှင်းမြို့ မြသိန်းတန်ဇာတ်ရုံကွင်းပြင်တွင် စည်ကားသိုက်မြိုက်စွာကျင်းပရာ ပြိုင်ပွဲ၌ ဆုရအသင်းများအား ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းက ထူးချွန်ဆုတံဆိပ်နှင့် ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။ (ဝဝ၂)

21-3 (05).pmd 1 3/21/2009, 2:00 AM

* ရှေ့ဖုံးမှ*

ရှေးဦးစွာ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်၊ မန္တလေးတိုင်း ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဦးခိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin ပြည်နယ် အစိုးရ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် မစ္စဝမ်ဇင်မင်းတို့က ချည်မျှင်စက်ရုံ (ပျော်ဘွယ်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ချည်မျှင်စက်ရုံ (ပျော်ဘွယ်)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ ဝါဖန့်ဌာနစိတ်၊ ဗိုင်းတောင့်ဌာနစိတ်၊ အပင်ပေါင်းဌာနစိတ်၊ တည်းလုံးဌာနစိတ်၊ ချည်ငင်ဌာနစိတ်နှင့် ချည်ချောဌာနစိတ်တို့တွင် စက်များ လည်ပတ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်ခန်းမ၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စက်ရုံတည်နေရာ၊ စက်ရုံသမိုင်းကြောင်း၊ စက်ပစ္စည်းများတင်သွင်းမှု၊ စက်ရုံစတင်တည်ဆောက်ခဲ့မှုနှင့် တည်ဆောက်ပြီးစီးမှု၊ စက်များ စမ်းသပ်လည်ပတ်ခဲ့မှု၊ စက်ရုံတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ စက်ရုံမှ တစ်မျိုးသားလုံး လိုအပ်ချက်အပေါ် ဖြည့်ဆည်းပေးနိုင်မှု အခြေအနေ၊ စက်ရုံအတွက် ကုန်ကြမ်းလိုအပ်ချက်၊ ငွေချည်(၆) ချည်မျှင်ရှည်ဝါ၏ အရည်အသွေးပြည့်မီမှု၊ စက်ရုံ၏ ထုတ်လုပ်နိုင်မှုစွမ်းအား၊ ထုတ်ကုန် ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ထမ်းအင်အားအခြေအနေတို့ကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်၊ မန္တလေးတိုင်း ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin ပြည်နယ်အစိုးရ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် မစ္စဝမ်ဇင်မင်းတို့ မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ (ပျော်ဘွယ်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ပြည့်စုံပိုလျှံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လူတစ်ဦးချင်းစီ၏ အဓိကလိုအပ်ချက်သည် စားရေး၊ နေရေးနှင့် ဝတ်ရေးဖြစ်၍ မိမိတို့နိုင်ငံတွင် စားရေးအတွက် ပြည့်စုံပိုလျှံမှုရှိနေပြီဖြစ်ကြောင်း၊ သင့်တင့်မျှတသော ရာသီဥတုရှိသည့် အပြင် သဘာဝ သယံဇာတများဖြစ်သည့် သစ်၊ ဝါးများထွက်ရှိပြီး အဆောက်အအုံ ဆောက်လုပ်ရန် လိုအပ်သော အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည်တို့လည်း မိမိတို့ ပြည်တွင်း၌ပင် ရရှိနေသဖြင့် နေရေးအတွက်လည်း ပူပင်စရာမရှိကြောင်း၊ ဝတ်ရေး အတွက် ယခင်က ပြည်တွင်း၌ ဝါဂွမ်း လုံလုံလောက်လောက်မထွက်ရှိသဖြင့် ပြည်ပမှပင် သွင်းယူခဲ့ရကြောင်း၊ ယခုအခါ ငွေချည်(၆)ကဲ့သို့ အမျိုးအစားကောင်းသည့် ဝါကို ပြည်တွင်း၌ပင် စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်သည့်အပြင် ယခုကဲ့သို့ ချည်မျှင်စက်ရုံများကို ပါ တည်ထောင်ပေးခဲ့ခြင်းကြောင့် ဝတ်ရေးအတွက်လည်း ပြည့်စုံဖူလုံမှုရှိတော့မည်ဖြစ် ကြောင်း ရှင်းလင်းပြောကြားပြီး နိုင်ငံတော်အကြီးအကဲ၏ စက်ရုံများဆိုင်ရာ လမ်းညွှန် ချက်ဖြစ်သော စက်စွမ်းအားပြည့်ထုတ်လုပ်ရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ်နည်းပါးရေး၊ Operation Ratio တွင် ဝင်ငွေများများရရှိပြီး သုံးစွဲငွေ နည်းပါးရေး၊ ခြိုးခြံချွေတာရေး၊ အရည်အသွေးကောင်းမွန်ရန် စစ်ဆေးကြပ်မတ်ရေး စသည့် လမ်းညွှန်ချက်များကို တိတိ ကျကျလိုက်နာပြီး ကြိုးပမ်းဆောင်ရွက်ကြရန်၊ မီးဘေးလုံခြုံရေးစီမံချက် စနစ်တကျ ရေးဆွဲပြီး ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်သွားရန်၊ စက်ရုံလုံခြုံမှုအတွက် ဝန်ထမ်းတိုင်း လုံခြုံရေးအသိရှိရေး ပညာပေးဆောင်ရွက်သွားရန်တို့ကို အသေးစိတ် မှာကြားသည်။

ထို့နောက် စက်ရုံအတွက် စက်ပစ္စည်းများတင်သွင်းသည့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ Tianjin Universal Machinery Import & Export Corporation (TUMIEC) မှ Advisor, Mr. Ding က နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များ အား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များသည် စက်ရုံဖွင့်ပွဲ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ချည်မျှင်စက်ရုံ(ပျော်ဘွယ်)ကို နိုင်ငံတော်က ငွေကျပ် ၇၂၃၃သိန်း ဝ၈ဝသိန်း နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၉၃သိန်း ၈သိန်း စုစုပေါင်း ငွေကျပ် ၇၂၈၈ ဒသိန်း ၇၄ဝသိန်း အကုန်အကျခံကာ တည်ဆောက်ခဲ့။

စက်ရုံမှ တစ်နှစ်လျှင် ၁/၃၂ ချည်ပေါင် ၃သိန်း ၄၅၅သိန်း၊ ၁/၂၁ ချည် (ရစ်တိုင်မဲ့)ပေါင် ဝသိန်း ၅၇၇သိန်း နှင့် ၁/၃၂ ဘီးဖြီးချည်ပေါင် ၁ သိန်း ၄၄ဝသိန်း စုစုပေါင်း ချည်ပေါင် ၅သိန်း ၄၇၂သိန်း ထုတ်လုပ်နိုင်မည်။

စာမျက်နှာ ၆ မှ

အဆိုပါ ချည်မျှင်စက်ရုံ(ပျော်ဘွယ်)ကို နိုင်ငံတော်က ငွေကျပ် ၇၂၂၃ဒသမ ၀၈၀သန်းနှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၉ဒသမ ၈သန်း စုစုပေါင်း ငွေကျပ် ၇၂၈၈ဒသမ ၇၄၀သန်း အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ပိုမိုကောင်းမွန်

စက်ရုံမှ တစ်နှစ်လျှင် ၁/၃၂ ချည် ပေါင် ၃ဒသမ ၄၅၅သန်း၊ ၁/၂၀ ချည် (ရစ်တိုင်မဲ့)ပေါင် ၀ဒသမ ၅၇၇သန်းနှင့် ၁/၃၂ ဘီးဖြီးချည် ပေါင် ၁ဒသမ ၄၄၀သန်း စုစုပေါင်း ချည် ပေါင် ၅ဒသမ၄၇၂သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စက်ရုံရှိ ဖိုင်းတောင့်စက်များနှင့် အပင်ပေါင်းစက်များတွင် Auto Leveller ခေါ် အလိုအလျောက် ချိန်ညှိစက်များ တပ်ဆင်ထားသဖြင့် ချည်လုံးညီညာမှု (Yarn Eveness) ပိုမိုကောင်းမွန်ကြောင်း သိရသည်။ ယခုအချိန်တွင် စက်ရုံမှ ၁/၃၂ ဝါချည်၊ ၁/၃၂နှင့် ၁/၄၀ ဘီးဖြီးဝါချည် ၁/၁၀နှင့် ၁/၂၀ OE ဝါချည်တို့ကို ထုတ်လုပ်လျက်ရှိသည်။

တိုးမြှင့်ထုတ်လုပ်

ထို့အပြင် စက်ရုံမှ ဝယ်ယူရရှိသည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါများမှာ အရည်အသွေးကောင်းမွန်သဖြင့် ၁/၆၀ ချည်အထိ စမ်းသပ်ထုတ်လုပ်နိုင်ပြီဖြစ်သည်။ နောင်တွင် ၁/၈၀နှင့် ၁/၁၀၀ချည်များအထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သစ်သီးခြင်း လက်ဆောင်ပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

စက်များလည်ပတ်ဆောင်ရွက်နေမှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(ပျော်ဘွယ်) စက်ရုံတွင် စက်များ လည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မဟာစည်သာသနာ့ရိပ်သာ မဟာစည်ဓမ္မဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

ရန်ကုန် မတ် ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာ မဟာစည်ဓမ္မဗိမာန်တော်ကြီး ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားတို့သို့ တက်ရောက်၍ မဟာစည် ဓမ္မဗိမာန်တော်ကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မင်္ဂလာအချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင်တို့က မဟာစည်ဓမ္မဗိမာန်တော်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရှစ်ပါးသီလခံယူ

ဆက်လက်၍ နံနက် ၈နာရီခွဲတွင် မဟာစည်ဓမ္မဗိမာန်တော်ကြီးခန်းမဆောင်၌ ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ မဟာစည်နာယက သရက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကောသလ္လထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ပရိသတ်တို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး၊ ဝန်ကြီးနှင့် အလှူရှင်တို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌက မဟာစည်ဓမ္မဗိမာန်တော်ကြီး တည်ဆောက်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ အလှူရှင်များကိုယ်စား မတည် အလှူရှင်က ဝမ်းမြောက်စွာ လှူဒါန်းရခြင်းအကြောင်းကိုလည်းကောင်း လျှောက်ထားကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး၊ ဝန်ကြီးနှင့် ပရိသတ်တို့က ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကော့မှူးမြို့ အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၂၀

ကော့မှူးမြို့ အစိုးရအထက်တန်းကျောင်း၌ ၁၉၅၃ခုနှစ်မှ ၁၉၇၈ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများက ဆရာ ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် ဂါရဝပူဇော်ကန်တော့ပွဲနှင့် အမှတ်တရတွေ့ဆုံပွဲကို မတ် ၂၉ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ပြည်တော်သာ အမက (ယခင်အထကကျောင်း ဟောင်း)၌ ကျင်းပမည် ဖြစ်သည်။ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ တက်ရောက်ပါရန်နှင့် မြတ်ဆရာ ပူဇော်ပွဲအတွက် လှူဖွယ်ပစ္စည်းများနှင့်အလှူငွေများကို ကျင်းပမည့်နေ့မတိုင်မီ ဦးမြသိန်း ဖုန်း–၀၁–၂၄၅၄၆၅၊ ဦးရွှေမြ ဖုန်း–၀၁–၂၁၅၀၅၃၊ ဦးဝင်းမြင့် (နေပြည်တော်) ဖုန်း–၀၆၇–၄၀၄၀၅၃၊ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း) ဖုန်း–၀၁–၆၉၉၆၃၇၊ ဦးမောင်မြင့် ဖုန်း–၀၁–၂၉၅၅၂၁၊ ဦးအေးသောင်း ဖုန်း–၀၅၆–၂၁၂၅၂၊ ဦးဝင်းကြိုင် ဖုန်း–၀၁–၂၅၁၈၅၁နှင့် ဦးကြင်စိုး ဖုန်း–၀၁–၃၈၁၇၅၅၊ လိုင်းခွဲ ၂၀၈၆၊ ၂၁၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆီးချိုသွေးချိုရောဂါအကြောင်း ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံဆရာဝန်အသင်း Emdocrinology & Metabolism Society မှ ကြီးမှူး၍ Meet the specialist (ဆီးချိုသွေးချိုရောဂါအကြောင်း) ဆွေးနွေးပွဲကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ မတ် ၂၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီမှ ညနေ၃နာရီအထိ ကျင်းပမည်ဖြစ်ရာ ယင်းအစီအစဉ်သို့ Diabetic Management Course (2009) တက်ရောက်ပြီးသူများနှင့် စိတ်ပါဝင်စားသူများအားလုံး တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရုံးသစ်သို့ပြောင်းရွှေ့ဖွင့်လှစ်ထား

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ရုံးချုပ်)ကို ယခင် အခန်း အမှတ်(၁၀၁/၁၀၂) တိုက်အမှတ်(၃) မြိုင်ဟေဝန်အိမ်ရာစခန်း ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၆၆၇၂၇၀မှ အမှတ် ၃၇၆ မြေကွက်အမှတ် (၁/H) ကျွန်းတောလမ်း ကမာရွတ်မြို့နယ် ဖုန်း–၅၀၂၈၉၂၊ ၅၀၂၈၉၃သို့ မတ် ၁၈ရက်တွင် ပြောင်းရွှေ့ဖွင့်လှစ်ထားပြီဖြစ်ကြောင်းနှင့် လိပ်စာသစ်သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တူဒေး စာအုပ်ဆိုင်သစ်ဖွင့်လှစ်

ရန်ကုန် မတ် ၂၀

တူဒေးစာအုပ်ဆိုင်၏ ဆဋ္ဌမမြောက် ဆိုင်ခွဲသစ်ကို အမှတ် ၆၂ မဟာဗန္ဓုလလမ်းရှိ East Point Shopping Center ၏ ပထမထပ် အခန်းအမှတ် ၂၀၂ တွင် ဖွင့်လှစ်ထားပြီဖြစ်သည်။

သင်္ကြန် အထူးဈေးရောင်းပွဲအဖြစ် တူဒေးစာအုပ်ဆိုင်များအားလုံးတွင် ဧပြီ ၃ရက်မှ ၁၁ရက်အထိ လုံးချင်းစာအုပ် ဝယ်ယူသူများအတွက် ၁၀ရာခိုင်နှုန်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် ဆက်သွယ်လိုပါက ဖုန်း–၃၉၇၉၀၀ လိုင်းခွဲ(၂၀၂)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လက်ဆောင် ပစ္စည်းများ ပေးအပ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူ သမ္မတနိုင်ငံ စင်ကာပူမြို့ရှိ မြန်မာ နိုင်ငံသံရုံးတွင် သံအမတ်ကြီးနှင့် ဝန်ထမ်းမိသားစုများအား လက် ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဇနီး ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၁၈ရက် မွန်းတည့် ၁၂နာရီတွင် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ သွားရောက်ပြီး သံအမတ်ကြီးနှင့်ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဂါရဝပြု

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံသံရုံးသို့ရောက်ရှိရာ သံအမတ်ကြီးဦးဝင်းမြင့်၊ ဇနီး ဒေါ်ခင်ဝင်းမြင့်နှင့် ဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြပြီး သံရုံးဧည့်ခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား သံအမတ်ကြီးနှင့် ဇနီး၊ ဝန်ထမ်းများ၊ မိသားစုများက ဂါရဝပြုကြ သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများ၊ ကမ္ဘာ့ငွေကြေးပြဿနာကြောင့် နိုင်ငံတကာ တွင် စီးပွားရေးအကျပ်အတည်းများနှင့် ကြုံတွေ့နေရသော်လည်း မိမိတို့နိုင်ငံ တွင် ဆန်စပါး ပြည့်စုံလုံလောက်စွာရှိပြီး ပဲနှင့် ဆီထွက်သီးနှံများလည်း အထွက်နှုန်းများ ကောင်းလျက်ရှိ၍ စားရေးအတွက် ပူပင်ကြောင့်ကြမှု မရှိရမှု အခြေအနေ၊ မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ စတုတ္ထအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို အတည်ပြုနိုင်ခဲ့ပြီးဖြစ်၍ ကျန်ရှိသော လုပ်ငန်းရပ်များကို လည်း အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေ၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင် ရွက်မှုစွမ်းအားများကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများနှင့် တည်ငြိမ် အေးချမ်းမှု အခြေအနေများကို အသေးစိတ်ပြောကြားပြီး သံရုံးဝန်ထမ်းများသည် သက်ဆိုင်ရာနိုင်ငံ၏ စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို လေးစားလိုက်နာပြီး သံတမန်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင့်ကြံဆောင်ရွက်ရေး၊ နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးအတွက် အလေးဂရုပြု ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် သံရုံးဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်း များ ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

တည်ခင်းဧည့်ခံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား သံအမတ်ကြီးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင် သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် မြန်မာနိုင်ငံသံရုံးမှ အထူးယာဉ်တန်းဖြင့် ချန်ဂီလေဆိပ်သို့ မွန်းလွဲ ၁နာရီတွင် ရောက်ရှိကြသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား စင်ကာပူသမ္မတနိုင်ငံ အလုပ် သမားဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E. Mr. Gan Kim Yong နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Robert Chua Hian Kong ၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာ နိုင်ငံသံအမတ်ကြီးဦးဝင်းမြင့်နှင့် သံရုံးမိသားစုများ၊ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် စင်ကာပူသမ္မတနိုင်ငံ ချန်ဂီလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညနေ ၄နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းအား Singapore Indian Chamber of Commerce and Industry (SCCI) ဥက္ကဋ္ဌ Mr. Vijay Iyergar ဦးဆောင်သည့် စင်ကာပူသမ္မတနိုင်ငံ အိန္ဒိယနွယ်ဖွား ကုန်သည်များသည် မတ် ၁၇ရက် ညစနာရီခွဲတွင် Marina Mandarin ဟိုတယ်ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့်အတူ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦး တက်ရောက်ပြီး ပဲမျိုးစုံနှင့် သစ်ဝယ်ယူရေးကိစ္စရပ်များ၊ ငွေပေးငွေယူဆိုင်ရာ ကိစ္စရပ်များ၊ ပဲမျိုးစုံနှင့် ဆန်ဝယ်ယူရာတွင် လိုအပ်သော အရေအတွက်ရရှိရေး ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သော သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ်၁၆ရက် ညနေ၆နာရီတွင် ခေတ္တ တည်းခိုသည့် Borobudur Hotel ၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr. Boen M. Purnama၊ ညွှန်ကြားရေးမှူးချုပ် Dr. Ir Tachrir Fathori ၊ ဝန်ကြီး၏ အကြံပေး Dr. Hadi S. Pasaribu နှင့် ဒုတိယညွှန်ကြားရေးမှူး Mr. Mochammad As'ari တို့အား လက်ခံတွေ့ဆုံ ဆွေးနွေးခဲ့သည်။

နည်းပညာဖလှယ်ရေး

ထိုသို့ဆွေးနွေးရာ၌ မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍ ဆောင်ရွက်ချက်များ၊ ကျွန်းနှင့်သစ်မာ တင်ပို့နေမှုကိစ္စများ၊ နှစ်နိုင်ငံအပြန်အလှန်နည်းပညာဖလှယ်ရေး ကိစ္စများ၊ ကျွန်းစိုက်ခင်း နည်းပညာဖလှယ်ရေးကိစ္စများ၊ သစ်တောဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိကပညာရှင်များ အပြန်အလှန်စေလွှတ်ရေးကိစ္စများနှင့် သစ် အချောထည်ထုတ်လုပ်ရေး နည်းပညာဖလှယ်ရေးကိစ္စများ၊ ၁၉၉၄ခုနှစ်တွင် အင်ဒိုနီးရှား-မြန်မာ ရေးထိုးခဲ့သော MoU ကို ဆက်လက်အကောင်အထည် ဖော်ရေး၊ သစ်တောဆိုင်ရာ တက္ကသိုလ်နှင့် သင်တန်းကျောင်းများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာစီးပွားရေးလုပ်ငန်းရှင် ၁၁ဦးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးတို့သည် စင်ကာပူသမ္မတနိုင်ငံ Singapore International Chamber of Commerce (SICC) မှ Chief Executive Mr.Phillip Overmyer ခေါင်းဆောင်သည့် စင်ကာပူသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မတ်၁၇ရက် မွန်းလွဲ၂နာရီတွင် စင်ကာပူမြို့ရှိ SICC ရုံး၌ တွေ့ဆုံဆွေးနွေး ခဲ့ကြသည်။

မေးမြန်းဆွေးနွေး

တွေ့ဆုံဆွေးနွေးပွဲ၌ မြန်မာစီးပွားရေးလုပ်ငန်းရှင်များက လုပ်ငန်းနယ်ပယ် နှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများနှင့် ကုန်သွယ်မှု ပြုလုပ်လို သည့် ကုန်ပစ္စည်းများကို ရှင်းလင်းပြောကြားကြပြီး စင်ကာပူ စီးပွားရေး လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

UMFCCI ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာစီးပွားရေး လုပ်ငန်းရှင် ၁၁ဦးတို့သည် မတ်၁၇ရက် မွန်းလွဲ၂နာရီခွဲတွင် စင်ကာပူသမ္မတ နိုင်ငံ Singapore Indian Chamber of Commerce and Industry ဥက္ကဋ္ဌ Mr. Vijay Iyergar ခေါင်းဆောင်သော စင်ကာပူသမ္မတနိုင်ငံ အိန္ဒိယ နွယ်ဖွား စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်းကောင်း၊ ညနေ ၃နာရီခွဲတွင် စင်ကာပူသမ္မတနိုင်ငံ Singapore Chinese Chamber of Commerce ဒုတိယဥက္ကဋ္ဌ Mr. Tan Back Huat ခေါင်းဆောင်သော စင်ကာပူသမ္မတနိုင်ငံ တရုတ်-အိန္ဒိယနွယ်ဖွား စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်းကောင်း သက်ဆိုင်ရာ အသင်းရုံးခန်းများ၌ နှစ်ဖက်ကုန်သွယ်မှုနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၀၉ ရက် (စနေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ဘာဝနာဆိုသည်မှာ** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
၇:၅၅-၁:၅၅	ဖိတ်ခေါ်လိုက်ပါသည် ငွေဆောင်ကမ်းခြေဆီ
၈:၁၀-၂:၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၃၀-၂:၃၀	ဖွံ့ဖြိုးတိုးတက်ဝေဆာနေ တောင်ကုတ်အလှမြေ
၈:၅၅-၂:၅၅	တစ်ပတ်အတွင်း အားကစားသတင်း
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	ပွင့်သောပန်းတိုင်း လန်းဆန်းစေရာ စာပန်းအိမ်မှာ
၉:၄၀-၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀	ကြည်နူးစရာလက်ဆောင် အဖြာဖြာ (Pearl Gift & Florist)
၁၀:၀၅-၄:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀-၄:၁၀	**ကျန်းမာသန်ထွား ဉာဏ်မြင့်မား** မင်းရာဇ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဂွမ်းပုံ
၁၀:၂၀-၄:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၀-၄:၃၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာမောင်မြင့်ကြွယ် နှင့် တွေ့ဆုံခြင်း)
၁၀:၅၅-၄:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀-၅:၀၀	ကျန်းမာစေသောရေ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
၁၁:၃၀-၅:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀-၅:၄၀	Yangon Panorama (နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူရှင်ဂုဏ်ပြုပွဲ)
၁၂:၀၀-၆:၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ ဖက်ရှင်
၁၂:၂၀-၆:၂၀	သွားမယ်စားမယ် (50th Street)
၁၂:၄၀-၆:၄၀	တေးဂီတအစီအစဉ်
၁၂:၄၅-၆:၄၅	သီးနှံအထွက်တိုးစေရာ သဘာဝမြေသြဇာ
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်များ	ပြသမည့်လိုင်း
၇:၁၀	Portsmouth-Everton	ESPN (LIVE)
၉:၂၅	Tottenham-Chelsea	ESPN (LIVE)
	Fulham-Man Utd	Star Sport (Live)
၁၁:၅၅	Newcastle-Arsenal	Star Sport (Live)

Series A ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Roma-Juventus	5-Cartoons (Live)

အမှတ်တရ

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် စင်ကာပူသမ္မတနိုင်ငံ Singapore Indian Chamber of Commerce and Industry ဥက္ကဋ္ဌ Mr. Vijay Iyergar တို့ တွေ့ဆုံဆွေးနွေးပြီး အမှတ်တရ လက်ဆောင်ပေးအပ်ကြစဉ်။

(သတင်းစဉ်)

တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူဆိပ်ကမ်း၌ Maritime Port Authority of Singapore မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူမြို့ရှိ Maritime Port Authority ၌ ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၂၀

စင်ကာပူသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် စင်ကာပူ သမ္မတနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E.Mr.Gan Kim Yong လိုက်ပါလျက် မတ် ၁၇ရက် ညနေပိုင်းတွင် စင်ကာပူဆိပ်ကမ်းရှိ Maritime Port Authority of Singapore သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား Maritime Port Authority of Singapore မှ Assistant Chief Executive, Captain Khong Shen Ping နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရုံးအဆောက်အအုံ ၂၁ လွှာရှိ Board Room ၌ Assistant Chief Executive က MPA အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး MPA ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ၊ ကွန်တိန်နာများ လက်ခံမှုနှင့် စစ်ဆေးမှုအခြေအနေ၊ အနာဂတ်၊ စီမံချက်များ၊ MPA ၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် သင်တန်းများပေးမှုအခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်က သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စင်ကာပူဆိပ်ကမ်း၌ကွန်တိန်နာများ နေရာချထားမှု၊ ကုန်တင်သင်္ဘောများပေါ်မှကွန်တိန်နာများချနေမှုနှင့် ကွန်တိန်နာချီမစက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ စင်ကာပူမြို့၌ လှည့်လည်ကြည့်ရှု လေ့လာ

နေပြည်တော် မတ် ၂၀

စင်ကာပူသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် မတ် ၁၈ရက် နံနက်ပိုင်းတွင် စင်ကာပူမြို့ရှိ အမျိုးသားသစ်ခွဥယျာဉ် Singapore Civil Defence Force (SCDF) နှင့် စင်ကာပူ အမျိုးသားတက္ကသိုလ်ရှိ ဗဟိုလေ့လာဆန်းစစ်ရေးဌာနတို့သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူ အမျိုးသားတက္ကသိုလ်ရှိ ဗဟိုလေ့လာဆန်းစစ်ရေးဌာနတွင် ဂြိုဟ်တုသတင်းအချက်အလက်များဖမ်းယူနေမှုကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

သစ်ခွပင်စိုက်ပျိုးပေး

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် စင်ကာပူသမ္မတနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E.Mr.Gan Kim Yong နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Robert Chua Hian Kong တို့ လိုက်ပါလျက် စင်ကာပူမြို့ရှိ အမျိုးသား သစ်ခွဥယျာဉ်သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က သစ်ခွဥယျာဉ်၌ သစ်ခွပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည်အမျိုးသားသစ်ခွဥယျာဉ်ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး အမျိုးသား သစ်ခွဥယျာဉ်အတွင်းရှိ နိုင်ငံတကာသစ်ခွမျိုးစုံ စိုက်ပျိုးထားရှိမှုနှင့် သစ်ခွများဖြစ်ထွန်း အောင်မြင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် Singapore Civil Defence Force (SCDF) သို့ သွားရောက် လေ့လာကြရာ SCDF Commission James Tan က အရေးပေါ် အသက်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဗီဒီယိုပြကွက်များကို ရှင်းလင်းပြသသည်။

ယင်းနောက် SCDF သင်တန်းဌာန ညွှန်ကြားရေးမှူး Mr. Yazid Abdullah က ရေယာဉ်၊ လေယာဉ်နှင့် သဘာဝဘေးများဆိုင်ရာ အရေးပေါ် ကယ်ဆယ်ရေး ဆောင်ရွက်မှု၊ မသင်္ကာဖွယ်ရာ ပေါက်ကွဲစေတတ်သော ပစ္စည်းများထိန်းသိမ်း ဆောင်ရွက်မှု၊ Civil Defence Academy သင်တန်းများတွင် သင်ကြားမှု အခြေအနေ၊ အကြမ်းဖက် တိုက်ခိုက်မှုကို ကယ်ဆယ်ရေးဆောင်ရွက်ပုံ၊ ဇီဝပိုးမွှားများ အကာအကွယ်ပစ္စည်း အသုံးပြုဆောင်ရွက်ပုံနှင့်ပြည်သူများ၏အသက်လုံခြုံရေးအတွက် အဓိကထားဆောင်ရွက်နေမှု အခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းသည်။

မေးမြန်းဆွေးနွေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်း ဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့က ပြန်လည်ပြောကြားကြသည်။

ရှေးဦးပြုစုယာဉ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် SCDF မှ ကယ်ဆယ်ရေးလုပ်ငန်းသုံး Harmat Control Vehicle ယာဉ်၊ Light Fire Attack Vehicle မီးသတ်အသက်ကယ်ယာဉ်၊ Station with Immediate First Aid Treatment အသက်ကယ် ရှေးဦးပြုစုယာဉ်၊ Personal Decontamination Vehicle အသက်ကယ် ရှေးဦးပြုစုယာဉ်ကြီးများနှင့်ကယ်ဆယ်ရေးပစ္စည်းများလက်တွေ့အသုံးချနေမှု၊ သရုပ်ဖော်ပြသမှုတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးအဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီ၁၀မိနစ်တွင် စင်ကာပူအမျိုးသားတက္ကသိုလ်ရှိ ဗဟိုလေ့လာဆန်းစစ်ရေးဌာနသို့ သွားရောက် လေ့လာကြည့်ရှုကြရာ Board Room ၌ အမျိုးသားတက္ကသိုလ် ကျောင်းအုပ်ကြီး Tan Eng Chye က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

သုတေသနပြုမှု

ထို့နောက်ဗဟိုလေ့လာဆန်းစစ်ရေးဌာန ညွှန်ကြားရေးမှူး Mr.Kwoh Leong Keong က ဂြိုဟ်တုမှကမ္ဘာပတ်လမ်းတွင် သတင်းအချက်အလက်များ ပေးပို့နိုင်မှု၊ ဆူနာမီနှင့် နာဂစ်မုန်တိုင်းတို့ဖြစ်ပေါ်ခဲ့မှု အခြေအနေကိုမှတ်တမ်းတင် သုတေသနပြုမှုအခြေအနေတို့ကိုဗီဒီယိုဆလိုက်ဖြင့်ရှင်းလင်းတင်ပြသည်။

လေ့လာကြည့်ရှု

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်ကုန်မြို့အား ဂြိုဟ်တုမှ ဖမ်းယူရိုက်ကူးထားသည့် ဓာတ်ပုံကို ဖဲလိုက်ကာဖွင့်ပေးပြီး အဆိုပါဂြိုဟ်တုဓာတ်ပုံကို လေ့လာကြည့်ရှုသည်။

ထို့နောက် ဂြိုဟ်တုထိန်းချုပ်ရေးစက်ခန်းမှ ဂြိုဟ်တု သတင်းအချက်အလက်များဖမ်းယူနေမှုကို လေ့လာကြည့်ရှုပြီး ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများအား နှုတ်ဆက်သည်။

(သတင်းစဉ်)

မီးသတ်ယာဉ်လှူဒါန်း

ရန်ကုန် မတ် ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၌ မီးလောင်မှုများနှင့် အသက်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဂျပန်နိုင်ငံက ထုတ်လုပ်သော အမေရိကန်ဒေါ်လာ ၅၀၀၀ တန်ဖိုးရှိ အီစူးဇူးအမျိုးအစား မီးသတ်ယာဉ်တစ်စီးပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၈ရက် နံနက်၁၀နာရီတွင်မီးသတ်ဦးစီးဌာန(ရုံးချုပ်)မေခလာခန်းမ၌ကျင်းပရာ ရှေးဦးစွာ အလှူရှင် မွေးကော်အိတ်လုပ်ငန်းမှ ဦးမြင့်မောင်က လှူဒါန်းရခြင်းအကြောင်းကိုရှင်းလင်းပြောကြားပြီးမီးသတ်ယာဉ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖွဲကပင်တောင်ကို သက်သေတည်၍

မဲဆောက်ကတစ်ဆင့် မြဝတီကို ပြန်ရောက်တော့ အမိမြေဆိုတဲ့ အသိစိတ်ကြောင့် ကြက်သီးမွေးညင်းများ ထလာပါတယ်။ ငယ်စဉ်က ပြေးလွှားဆော့ကစားခဲ့တဲ့ ဖွဲကပင်တောင်ခြေနားက ဇာတိရွာကို ပြန်ရောက်ရတော့မှာဖြစ်လို့ ကြည်နူးမိတာလည်း အမှန်ပါ။ တစ်ဖက်နိုင်ငံနယ်စပ် ဒုက္ခသည်စခန်းမှာ ကျန်ရစ်ခဲ့တဲ့ ဖထီး၊ ဒုက္ခသည်စခန်းမှတစ်ဆင့် တတိယနိုင်ငံကိုရောက်သွားတဲ့ ညီမလေး၊ တောထဲမှာရှိနေသေးတဲ့ အစ်ကိုကြီးတို့ကို သတိရမိလို့ ဝမ်းနည်းသလိုလို ဖြစ်နေပေမယ့် ဖွဲကပင်တောင်ခြေက ရွာမှာရှိနေတဲ့ အမေနဲ့ ညီမငယ်တို့ကို ပြန်တွေ့ရမှာဖြစ်တဲ့အတွက် ဝမ်းသာနေမိပါတယ်။

လွန်ခဲ့တဲ့ နှစ် ၂၀အတွင်း ကျွန်တော်ရောက်ခဲ့တဲ့ ဒုက္ခသည်စခန်းများဟာ အစိုးရဆန့်ကျင်ရေး အဖွဲ့အစည်းပေါင်းစုံ ခြေရှုပ်နေတဲ့ တစ်ဖက်နိုင်ငံအတွင်း အခြေစိုက်စခန်းများသာ ဖြစ်ပါတယ်။ တကယ်တော့ ဒုက္ခသည်စခန်းဆိုတာ ကျွန်တော်တို့လို ဘာမှ မသိနားမလည်ဘဲ ရွာတွေမှာရှိနေတဲ့ ကရင်တွေကို နည်းအမျိုးမျိုးနဲ့ နယ်စပ်ကိုရောက်လာအောင်လုပ်ပြီး ပြည်ပြေးနိုင်ငံရေးလုပ်စားသူတွေ၊ KNU အကြမ်းဖက် သောင်းကျန်းသူတွေ၊ အမည်အမျိုးမျိုးတပ်ထားတဲ့ အစိုးရဆန့်ကျင်ရေး အဖွဲ့အစည်းတွေ ပူးပေါင်းပြီး လုပ်စားနေတဲ့ ခေတ်သစ်စီးပွားရေး လုပ်ကွက်တစ်ခုသာ ဖြစ်ပါတယ်။ လူများများရှိမှ လုပ်ကိုင်စားသောက်ရတာ အဆင်ပြေမှာမို့ နိုင်ငံရေးလုပ်စားသူ လူလည်ကြီးများက အနောက်မီဒီယာတွေနဲ့ စည်းဝါးကိုက်ပြီး မြန်မာပြည်အတွင်းမှာ လူ့အခွင့်အရေး ချိုးဖောက်နေတယ်၊ ကျေးရွာတွေ ရွှေ့ပြောင်းတယ်ဆိုပြီး စွပ်စွဲချက်အမျိုးမျိုးနဲ့ ကျွန်တော်တို့လို အေးချမ်းစွာနေထိုင်နေတဲ့ ကရင်ပြည်သူများကို နယ်စပ်ကိုရောက်ရှိအောင် လုပ်ခဲ့ကြပါတယ်။ နယ်စပ်ရောက်တော့ မြန်မာတိုင်းရင်းသား ကရင်ဒုက္ခသည် စခန်းဆိုတဲ့နေရာတွေမှာ ကျွန်တော်တို့အနေနဲ့ ဆင်းရဲနွမ်းပါးမှု၊ ကြောက်ရွံ့မှုများနဲ့အတူ စိုးတထိတ်ထိတ်နေရပြီး တတိယနိုင်ငံ သွားလာခွင့်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဘဝကိုပင်ပန်းဆင်းရဲစွာ ဖြတ်သန်းရုန်းကန်နေကြရတာ ကိုယ်တိုင်ခံစားရသူများသာ နားလည်နိုင်မယ်ထင်ပါတယ်။

အမှန်အတိုင်း ဝန်ခံရရင်တော့ နယ်စပ်ဒုက္ခသည်စခန်းတွေမှာ ကျွန်တော်တို့ ကရင်လူမျိုးတွေကို အသုံးချပြီး နိုင်ငံတကာမှ ငွေကြေးအထောက်အပံ့တွေတောင်းခံနေကြတာကို ကရင်လူမျိုးတွေရဲ့ ကိုယ်စားအလွန်ရှက်ရွံ့နာကြည်းမိပါတယ်။ ကရင်လူထုကောင်းစားရေး ကြွေးကြော်နေတဲ့ KNU ထိပ်ပိုင်းခေါင်းဆောင်များကတော့ ဒုက္ခသည်စခန်းအတွက် ရရှိတဲ့ ထောက်ပံ့ငွေတွေနဲ့ တစ်ဖက်နိုင်ငံအတွင်းအခြေချနေထိုင်နေကြတာ လူတိုင်းသိပါတယ်။ ဒါ့အပြင် ဒုက္ခသည်စခန်းတွေကနေ ကရင်လူမျိုးများ အမိမြေကို ပြန်လည်ထွက်ခွာသွားမှာကို လက်နက်အားကိုးနဲ့ တားဆီးပိတ်ပင်နေကြပါတယ်။ အဆိုးဆုံးကတော့ အမည်ခံအဖွဲ့အစည်းအမျိုးမျိုးနဲ့ နိုင်ငံရေးလုပ်စားသူတွေက ဒုက္ခသည်များစခန်းအတွင်း နေထိုင်ခွင့်၊ တတိယနိုင်ငံ သွားရောက်ခွင့်များနဲ့ပတ်သက်ပြီး ကြေးစားလူမှောင်ခိုဆန်ဆန် ပြောင်ပြောင်တင်းတင်း လုပ်ကိုင်နေခြင်းပဲ ဖြစ်ပါတယ်။

လက်ရှိဒုက္ခသည်စခန်းတွေမှာ အမေရိကန်၊ ဩစတြေးလျ၊ ဗြိတိန်၊ နော်ဝေ၊ ကနေဒါနိုင်ငံများကို ဝင်ရောက်ခွင့်ရရှိရေးအတွက် အတုအယောင် ဒုက္ခသည်များ တိုးပွားနေပြီး လိင်ကုန်ကူးမှု၊ မူးယစ်ဆေးဝါး မှောင်ခိုကုန်သွယ်မှုတွေ ပိုမိုဖြစ်ပွားနေပါတယ်။ မိသားစုလိုက် ပြောင်းရွှေ့လာသူတွေဟာ ဒုက္ခသည်များ နေရာချထားရေး အစီအစဉ်အရ အမိအဖ၊ ညီအစ်ကိုမောင်နှမများ တကွဲတပြားဖြစ်နေကြရပါတယ်။ မိသားစုဝင်တွေ ဘယ်အချိန်၊ ဘယ်နေရာ ပြန်လည်ဆုံစည်းမည်ကို မသိနိုင်ဘဲ အခြားနိုင်ငံ၊ မရင်းနှီးတဲ့ ပတ်ဝန်းကျင်မှာ မျက်နှာငယ်စွာနဲ့ လုံခြုံမှုမရှိဘဲ စိတ်ပျက်အားငယ်စွာ အသက်ရှင်နေကြရပါတယ်။

စောနေမျိုး

အမိမြေသို့ ပြန်လာချင်လည်း ပြန်လာလို့မရ။
မိသားစုအချင်းချင်း ဆက်သွယ်မှုလည်း လုပ်လို့မရ။
ဖိနှိပ်တဲ့ ကန့်သတ်ချက်တွေကြားမှာ နေ့စဉ်နှင့်အမျှ ဒုက္ခတွေ့နေကြရပါတယ်။
ဒီအချက်တွေကို ရောက်ဖူးတဲ့သူတိုင်း သိပါတယ်။

ရွာမှာ တောင်ယာလုပ်ပြီး အေးအေးချမ်းချမ်းနေရတဲ့ ဘဝကနေ နယ်စပ် ဒုက္ခသည်စခန်းရောက်မှ ဒုက္ခသည်အစစ်ဖြစ်ရတာ ဘယ်သူ့လက်ချက်ပါလဲ။

အနောက်အုပ်စုနဲ့ ပြည်ပမီဒီယာတွေက နိုင်ငံတော်အစိုးရက လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့် ဒုက္ခသည်များဖြစ်ရတယ်လို့ ပုံဖော်လုပ်ကြံစွပ်စွဲနေကြပါတယ်။ တကယ်တော့ ဒီဒုက္ခသည်စခန်းပြဿနာဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေးပယောဂကြောင့်မဟုတ်ဘဲ ဒေါ်လာထောက်ပံ့ကြေးရလိုတဲ့ KNU နဲ့ နိုင်ငံရေးလုပ်စားသူများက အဓိကတရားခံဖြစ်ပါတယ်။

တစ်နည်းအားဖြင့် နယ်စပ်က ဒုက္ခသည်စခန်းများဟာ ဒုက္ခရောက်နေတဲ့ ကရင်လူမျိုးတွေကို ကယ်တင်စောင့်ရှောက်ထားခြင်း မဟုတ်ဘဲ အေးချမ်းတည်ငြိမ်နေတဲ့ ကရင်မိသားစုများကိုအသုံးချပြီး နိုင်ငံရေးလုပ်စားသူ ပြည်ပြေးသစ္စာဖောက်များရဲ့ လူသားချင်းစာနာမှုအမည်ခံ လူသားချင်းမညှာမတာ ခေါင်းပုံဖြတ်နေတဲ့ လုပ်ငန်းခွင်များသာ ဖြစ်ပါတယ်။

နယ်စပ်မှာ ဒုက္ခသည်စခန်းတွေ ဆက်ရှိနေရင် လက်ခံထားတဲ့နိုင်ငံအတွက် ပြဿနာများ တစ်ခုပြီးတစ်ခုဆက်ဖြစ်နေပြီး အဲ့ဒီဒုက္ခသည်စခန်းနေရာများဟာ ရာဇဝတ်မှုကျူးလွန်သူတွေ၊ ကြေးစားလူမှောင်ခိုကူးသူတွေနဲ့ နိုင်ငံတကာက လုံးဝလက်မခံနိုင်တဲ့ အကြမ်းဖက်သမားများရဲ့ အခြေစိုက်စခန်းများ ဖြစ်နေပါတော့တယ်။

ကျွန်တော်တို့ ကရင်တိုင်းရင်းသားတွေ ထိုင်းနယ်စပ်မှာ ဒုက္ခသည်အဖြစ် အနေကြာလာတော့ ထိုင်းနိုင်ငံထဲမှာ ကျွန်တော်တို့ကို ဒုက္ခသည်လူမျိုးလို့ ခေါ်ကြပါတယ်။ ကျွန်တော် ရှက်လိုက်တာဗျာ၊ ပြီးတော့ စိတ်ဆိုးလိုက်တာ။

ကမ္ဘာမှာမရှိခဲ့ဖူးသေးတဲ့ ဒုက္ခသည်လူမျိုးဆိုတာ တကယ်ရှိတော့မှာလား?

ကရင်တိုင်းရင်းသားသာရှိပြီး ဒုက္ခသည်လူမျိုး မရှိဘူးဆိုတာ ဖွဲကပင်တောင်ကြီးက သိပါတယ်။

ကရင်ပြည်သူအများစုကတော့ ဒုက္ခသည်စခန်းများကို မသွားလိုဘဲ ကိုယ့်အရပ် ကိုယ့်ဒေသမှာပဲ အေးအေးဆေးဆေး နေထိုင်ချင်ပါတယ်။ နိုင်ငံခြားမှာ သွားပြီးအလုပ်လုပ်၊ ပညာရှာမယ်ဆိုရင်လည်း မျက်နှာမငယ်ရတဲ့ တရားဝင် လမ်းကြောင်းကနေ သွားချင်ကြပါတယ်။ ကျွန်တော်တို့လို ပြည်တော်ပြန် ဒုက္ခသည်များရဲ့ မျှော်လင့်ချက်ကတော့ အခြား ငြိမ်းချမ်းရေးဒေသများလို နယ်စပ်ဒေသများမှာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေထိုင်နိုင်တဲ့ ပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာနိုင်ရေးပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ **ငြိမ်းချမ်းနေပြီဖြစ်တဲ့ ရွာကိုရောက်ရင် အမိုး၊ ညီမလေးတို့နဲ့အတူ ဖွဲကပင်တောင်ကြီး သက်သေပြုပြီး ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဒုက္ခသည်စခန်းများ ပပျောက်စေရေးအတွက် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း** ကတိသစ္စာ ပြုလိုက်ရပါတယ် ခင်ဗျား။ ။

ငြိမ်းချမ်းနေပြီဖြစ်တဲ့ ရွာကိုရောက်ရင် အမိုး၊ ညီမလေးတို့နဲ့အတူ ဖွဲကပင်တောင်ကြီး သက်သေပြုပြီး ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဒုက္ခသည်စခန်းများ ပပျောက်စေရေးအတွက် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ လုပ်ဆောင်သွားမည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲ ကျောင်းကုန်း၌ဖွင့်

ကျောင်းကုန်း မတ် ၂၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မြို့ဦး ရွှေမြန္တာဘုရားဝင်း၌ ကျင်းပရာ ဧရာဝတီတိုင်း စက်မှုကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ဌေးနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘဏ်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ဈေးရောင်းပွဲတော် ဖွင့်လှစ်ထားသော အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ရောင်းချပေးမည်

အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ပြည်သူများအား အထည်အလိပ်၊ စားသောက်ကုန်၊ ဆေးပစ္စည်းအမျိုးမျိုးနှင့်ကြွေထည်မြေထည် လူသုံးကုန်ပစ္စည်းများ၊ စာရေးကိရိယာများ၊ စက်ဘီး၊ အပ်ချုပ်စက်ခေါင်း၊ စတီးလ်ပစ္စည်းမျိုးစုံတို့ကို မတ် ၁၈ရက်မှ ၂၄ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈နာရီအထိ ရောင်းချပေးသွားမည်ဖြစ်သည်။ **(၁၅၄)**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ငွေလှူဒါန်း

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရန်ပုံငွေအတွက် အလှူငွေပေးအပ်ပွဲကို မတ် ၁၈ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ခန်းမ၌ကျင်းပရာ ဖခင် ဦးပါငယ်-မိခင် ဒေါ်သန်းခင်တို့အား အမှူးထား၍ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကလော့ကျေးရွာနေ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက သီရိမွန်စာပေမှ ကဗျာဆရာ မင်းမောင်နွယ် (မွန်ဌာနီ)ကိုယ်စား မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးမင်းဖေအောင် (မင်းနွယ်အောင်-စုံနံ့သာမြိုင်)က ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းမှုကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)နှင့် တာဝန်ရှိသူတို့က လက်ခံကြပြီး ဂုဏ်ပြုလွှာပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် ပြည်နယ်/တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၀

၂၀၀၉ခုနှစ် ပဉ္စမအကြိမ်မြောက် အားကစားဝန်ကြီးဌာနဝန်ကြီး ဖလားနှင့် (၃၅)ကြိမ်မြောက် ပြည်နယ်/တိုင်း အမျိုးသမီး၊ အမျိုးသား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို မတ်၂၈ရက်မှ ဧပြီ ၂ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ နေ့စဉ်နံနက် ၉နာရီမှ စတင်ကျင်းပမည် ဖြစ်သည်။

အားကစားဝန်ကြီးဌာနဝန်ကြီး ဖလားပြိုင်ပွဲတွင် လေးပေါက်တန်း(အငယ်တန်း)၊ ရှစ်ပေါက်တန်း (အကြီးတန်း)နှင့် ၁၀ပေါက်တန်း(တံခွန်စိုက်တန်း)နှင့် အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ အတန်းလေးတန်းစလုံးအတွက် ပထမ၊ ဒုတိယနှင့် တတိယရရှိသည့် အသင်းများအား တံခွန်စိုက်ဖလားနှင့်တစ်ဦးချင်းဆုများ ချီးမြှင့်မည်ဖြစ်ပြီး အတန်းလေးတန်းစလုံး၌ ငွေသားဆုအနေဖြင့် ပထမကျပ်တစ်သိန်း၊ ဒုတိယ ကျပ်ခုနစ်သောင်းနှင့် တတိယကျပ်ငါးသောင်း ဆုချီးမြှင့်မည်ဖြစ်သည်။ အားကစားဝန်ကြီး ဖလားနှင့် ပြည်နယ်/တိုင်း ခြင်းလုံးခတ်ပြိုင်ပွဲတွင် အတန်းတိုင်း၌ အကောင်းဆုံးအားကစားသမားဆုများ ချီးမြှင့်မည် ဖြစ်သည်။ ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတွင် ပထမဆု ကျပ် ၅၀၀၀၀၊ ဒုတိယဆု ကျပ် ၃၀၀၀၀နှင့် တတိယဆု ကျပ်၂၀၀၀၀ ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲသို့ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဖုန်း-၃၉၃၄၂၀နှင့် အတွင်းရေးမှူး ဦးမျိုးမြင့် ဖုန်း-၀၉-၅၀-၁၀၇၉၊ ၂၂၆၈၇၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ခြင်းလုံးအဖွဲ့ချုပ်)

မြင်းခြံမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၀

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ မြင်းခြံမြို့နယ်မဂ္ဂဇင်း အမှတ်(၁)ရောင်းချပွဲနှင့် အသင်းနှစ်ပတ်လည်အစည်းအဝေးကိုမတ်၂၂ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် သဃ်္ဃန်းကျွန်းမြို့နယ် ရတနာလမ်းရှိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့တွင်ရောက်ရှိနေသော မြင်းခြံမြို့နယ်သူ မြို့နယ်သား အသက်(၈၀)နှင့်အထက် အဘိုးအဘွားများ အမှုဆောင်အဖွဲ့နှင့်ဆက်သွယ်နိုင်ကြပြီး ၂၀၀၈ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ရန်ကုန်ရောက် မြင်းခြံမြို့နယ်သူ မြို့နယ်သားများ၏ သားသမီးများသည် တက္ကသိုလ်ဝင်တန်းအောင် အမှတ်စာရင်း မိတ္တူနှင့် ကျောင်းအုပ်ကြီး၏ ထောက်ခံစာမိတ္တူတို့ကိုပေးပို့၍ ဆက်သွယ်နိုင်ကြသည်။

ဆက်သွယ် လှူဒါန်းလိုသူများသည် ဒုတိယဗိုလ်မှူးကြီးကျော်ရင်(ငြိမ်း) ဖုန်း-၆၁၁၁၀၂၊ ဦးစိန်ဝင်း ဖုန်း-၅၇၀၄၉၂၊ ဦးမောင်မောင် ဖုန်း-၂၉၆၂၆၈၊ ဦးထိန်လင်း ဖုန်း-၆၉၉၇၉၁ နှင့် ဦးကြည်မောင် ဖုန်း-၅၄၈၂၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန် မတ် ၂၀

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ရတနာကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇နာရီတွင်ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးစိုးသိန်းက လမ်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စည်ပင်သာယာ

တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု မှော်ဘီနှင့်တိုက်ကြီး၌ ကတ္တရာလမ်းသစ်များဖွင့်

ရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ရတနာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါကတ္တရာလမ်းသစ်မှာ အလျား ပေ၅၀၀၊ အကျယ်၁၂ပေရှိသည်။

တိုက်ကြီး

တိုက်ကြီးမြို့ ရှမ်းဘက်(၁) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၈နာရီတွင် ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်ထွန်းက ကတ္တရာလမ်းသစ်နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အမှုဆောင်အရာရှိ သူရဦးမြင့်သူနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ လမ်းသစ်ကို ဖွင့်လှစ်ပေးကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က လမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါလမ်းမှာ အလျားပေ၆၈၀၊ အကျယ် ၁၂ပေဖြစ်သည်။

ဆောင်ရွက်ပေး

၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြလမ်း ၅မိုင် ၄ဖာလုံနှင့် ကျေးလက်လမ်း ၂၅မိုင် ၅ဖာလုံတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်စစ်သမိုင်းပြတိုက် (ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၉ မှ ၄-၄-၂၀၀၉)

(ရဟန်းရှင်လူပြည်သူများအား အခမဲ့ဖွင့်လှစ်ပြသသွားပါမည်)

မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

ကလေး မတ် ၂၀

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေး လုပ်ငန်းဖြစ်သော ကျီကုန်းကျေးရွာ မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဖေဖော်ဝါရီ ၂၈ရက်တွင် အမှုဆောင်အရာရှိ ဦးမိုးဟိန်း စစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမြင့်အောင်က မြစ်သာမြစ်မှ ဂါလန် ၁၅၀၀၀ဆံ့ ရေစုကန်သို့ ရေတွန်းပို့ခြင်း၊ ရာဇာဂီရိကုန်းမြင့်ပေါ်ရှိ ဂါလန် ၇၀၀ဆံ့ ရေစစ်ကန်နှင့် ဂါလန် ၃၂၀၀ဆံ့ ရေလှောင်ကန်သို့ ရေတင်ခြင်း၊ ကျီကုန်းကျေးရွာ ဂါလန်၁၂၀၀ဆံ့ ရေဝေကန်သို့ ရေဖြန့်ဝေခြင်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

မြန်မာနေရှင်နယ်လိဂ်ကစားသမားများ၏ အပြောင်းအရွှေ့စာချုပ်လက်မှတ်ရေးထိုးပွဲ တတိယနေ့အပြီး ကစားသမား ၈၃ဦး လက်မှတ်ရေးထိုးပြီးဖြစ်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၀

မြန်မာနေရှင်နယ်လိဂ်ကစားသမားများ၏ အပြောင်းအရွှေ့စာချုပ်လက်မှတ်ရေးထိုးပွဲတတိယနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ သုဝဏ္ဏရှိ Goal ဟိုတယ်တွင် ဆက်လက်ကျင်းပခဲ့ရာ ကစားသမားငါးဦး လာရောက်စာချုပ် ချုပ်ဆိုခဲ့ကြသည်။ ယနေ့တွင် အသင်းနှစ်သင်းမှ ကစားသမားငါးဦး လာရောက်ချုပ်ဆိုခဲ့ရာ စုစုပေါင်းအသင်း ခြောက်သင်းမှ ကစားသမား ၈၃ဦး စာချုပ် ချုပ်ဆိုပြီးသွားပြီ ဖြစ်သည်။

ယနေ့ စာချုပ်လာရောက်ချုပ်ဆိုခဲ့ကြသော အသင်းများမှာ စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာရွှေမြေ F.C နှင့် မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံ F.C တို့ဖြစ်ကြပြီး ဇေယျာရွှေမြေ F.C က လေးဦးနှင့် ရတနာပုံ F.C မှ တစ်ဦးတို့ ဖြစ်သည်။ ဇေယျာရွှေမြေ F.C က ကစားသမားလေးဦးအတွက် ပြောင်းရွှေ့ကြေး ၁၁၅သိန်း၊ ရတနာပုံ F.C က ကစားသမားတစ်ဦးအတွက် ပြောင်းရွှေ့ကြေး ကျပ်၁၅သိန်း အသုံးပြုကာ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းပြောင်းရွှေ့ကြေး ကျပ်သိန်း ၁၃၀ရှိခဲ့ကြောင်း သိရသည်။

ရည်မှန်းချက်

အပြောင်းအရွှေ့ စာချုပ်လက်မှတ်ရေးထိုးပွဲ ပထမနေ့က ကစားသမား ၁၄ဦးကို အပြီးသတ်ခေါ်ယူစာချုပ်နိုင်ခဲ့သော ဇေယျာရွှေမြေ F.C မှာ ဒုတိယအကြိမ်အဖြစ် ယနေ့တွင် ကစားသမားလေးဦးကို ထပ်မံခေါ်ယူခဲ့ခြင်းဖြစ်သည်။ ယင်းကစားသမားလေးဦးတွင် မြန်မာ့လက်ရွေးစင်ကစားသမား မင်းသူနှင့် စည်သူသန်းတို့ပါဝင်ခဲ့ကြသည်။

ဇေယျာရွှေမြေ F.C တွင် ကစားရန် စာချုပ် ချုပ်ဆိုနေသည့် ကျော်ဇင်ဝင်း။ (မြန်မာ့အလင်း)

စီးပွား/ကူးသန်းအသင်းမှ မင်းသူကို ပြောင်းရွှေ့ကြေး ကျပ်သိန်း ၅၀၊ လစာကျပ် ၁၀သိန်း၊ ဆောက်လုပ်ရေးအသင်းမှ စည်သူသန်းကို ပြောင်းရွှေ့ကြေး ကျပ်သိန်း၃၀၊ လစာကျပ် ခြောက်သိန်း၊ စီးပွား/ကူးသန်းမှ ကျော်ဇင်ဝင်းကို ပြောင်းရွှေ့ကြေးကျပ်သိန်း ၂၀၊ လစာ ကျပ်ငါးသိန်း၊ ပို့ဆောင်ရေးမှ အောင်မြင့်ထွန်းကို ပြောင်းရွှေ့ကြေးကျပ် ၁၅သိန်း၊ လစာ ကျပ်လေးသိန်းတို့ဖြင့် ခေါ်ယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ဇေယျာရွှေမြေ F.C မှ ခေါ်ယူပြီးသွားသော ကစားသမား ၁၈ဦးအတွက် ပြောင်းရွှေ့ကြေး ကျပ် ၄၈၅သိန်း အသုံးပြုထားပြီး တစ်လလျှင် ငွေကျပ် ၁၀သိန်းဖြင့် လစာအများဆုံးရရှိထားသူ လေးဦးပါဝင်နေသည်။ ဇေယျာရွှေမြေ F.C အထွေထွေမန်နေဂျာဦးနီပေါက "မိမိတို့အသင်းမှာ ကစားသမား ၂၅ဦး ပြည့်အောင် ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ လူငယ်ကစားသမားများကို အဓိကထား ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းမှာ မြန်မာ့ဘောလုံးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်၊ နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် ကစားသမားများ မွေးထုတ်ပေးနိုင်ရန်နှင့် မြန်မာနေရှင်နယ်လိဂ်တွင်

ရတနာပုံ F.C ၏ ပထမဦးဆုံး ကစားသမားခေါ်ယူမှုအဖြစ် ယဉ်မင်းအောင်နှင့် စာချုပ် ချုပ်ဆိုစဉ်။ (မြန်မာ့အလင်း)

လစာ ကျပ်ခြောက်သိန်းဖြင့် ဇေယျာရွှေမြေ F.C တွင် ကစားမည့် စည်သူသန်း။ (မြန်မာ့အလင်း)

အဆင့်ရှိသည့်အသင်းကြီးအဖြစ် ရပ်တည်နိုင်ရန်ဆိုသည့် အသင်းဖွဲ့စည်းရခြင်း ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

ကမ်းလှမ်းထား

မန္တလေးတိုင်းကိုယ်စားပြုယှဉ်ပြိုင်မည့် ရတနာပုံ F.C အသင်းမှာ ပထမဦးဆုံး ကစားသမားခေါ်ယူမှုအဖြစ် မြို့တော်စည်ပင်အသင်းမှ မြန်မာ့လက်ရွေးစင်ဟောင်း ဂိုးသမား ယဉ်မင်းအောင်ကို ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။ ယဉ်မင်းအောင်ကို ပြောင်းရွှေ့ကြေး ငွေကျပ် ၁၅သိန်း၊ လစာကျပ် ငါးသိန်းဖြင့် စာချုပ်ချုပ်နိုင်ခဲ့ခြင်းလည်း

ဇေယျာရွှေမြေ F.C တွင် ပါဝင်ကစားရန် မြန်မာ့လက်ရွေးစင် မင်းသူ စာချုပ် ချုပ်ဆိုနေစဉ်။ (မြန်မာ့အလင်း)

ဖြစ်သည်။ လွယ်ဟိန်းကုမ္ပဏီလီမိတက်ဒါရိုက်တာ ဦးဟန်မင်းထွန်းနှင့် ရတနာပုံ F.C မှ တာဝန်ရှိသူ ဦးစိုးမိုးလှိုင်တို့က **"မိမိတို့အသင်းမှာ ဘယ်လ်ဂျီယံနိုင်ငံသားနည်းစနစ်ဒါရိုက်တာနှင့် ပြင်သစ်လူမျိုးနည်းပြဆရာတို့ကို ခန့်အပ်ထားကြောင်း၊ ပြည်ပကစားသမားများခေါ်ယူမှုအဖြစ် အိုင်ဗရီကို့စ်သုံးဦးနှင့် ဆီနီဂေါနှစ်ဦးတို့ကို ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ ယင်းခုနစ်ဦးစလုံးကို မကြာမီစာချုပ်များ ချုပ်ဆိုသွားမည်ဖြစ်ကြောင်း။ ပြည်တွင်းကစားသမားများအဖြစ် ဘဏ္ဍာ/အခွန်မှ ကစားသမားများကို ကမ်းလှမ်းထားကြောင်း၊ ပြည်တွင်းကစားသမားများကိုလည်း နည်းစနစ်ဒါရိုက်တာအကြိုက် ခေါ်ယူခွင့်ပြုထားကြောင်း"** ပြောကြားခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ကစားသမားများ၏ အပြောင်းအရွှေ့စာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပခဲ့သည်မှာ သုံးရက်ရှိသွားပြီဖြစ်ပြီး ယနေ့အပြီးတွင် ကမ္ဘောဇ F.C၊ မကွေး F.C၊ ဇေယျာရွှေမြေ F.C၊ ရန်ကုန်ယူနိုက်တက် F.C၊ ရတနာပုံ F.C နှင့် Delta United F.C ခြောက်သင်းမှ ကစားသမား ၈၃ဦး ခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေး ကျပ်သိန်း ၂၀၀၀နီးပါး အသုံးပြုထားပြီးဖြစ်သည်။ ။

(မြန်မာ့အလင်း)

Yangon Expo 2009 ကုန်စည်ပြပွဲကြီးကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသရောင်းချလျက်ရှိရာ ပြပွဲလာပြည်သူများနှင့် စည်ကားနေသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ပရိသတ်များဖြင့် ကြိတ်ကြိတ်တိုးစည်ကားနေသော Yangon Expo 2009 ကုန်စည်ပြပွဲ

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၀

ဆယ်စုနှစ်၏ ပထမဆုံးအကြိမ် နိုင်ငံတကာအဆင့်မီ Yangon Expo 2009 ကုန်စည်ပြပွဲကြီးကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၂၀ရက် မွန်းတည့် ၁၂ နာရီ၌ စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

စည်ကား

မတ်၂၀မှ ၂၃ရက်အထိ ကျင်းပမည့် အဆိုပါ ကုန်စည်ပြပွဲ၌ ပြည်တွင်းပြည်ပ ထုတ်ကုန်ပစ္စည်းပေါင်းများစွာကို အရောင်းပြခန်းပေါင်း ၁၈၀ ကျော်ဖြင့် ပြသရောင်းချလျက်ရှိရာ ကုန်စည်ပြပွဲလာ ပြည်သူများနှင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

ခင်းကျင်း

Yangon Expo 2009 ကုန်စည်ပြပွဲတွင် အဝတ်အထည် ၊ အလှကုန်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်း အရောင်းပြခန်းများ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ပရိဘောဂအရောင်းပြခန်းများ၊ စာရေးကိရိယာ၊ မီးဖိုချောင်သုံးပစ္စည်းနှင့် စိုက်ပျိုးမွေးမြူရေးသုံးပစ္စည်းများ၊ စက်မှုဇုန်ထုတ် မော်တော်ယာဉ်များ စသည့် ပစ္စည်းမျိုးစုံ အရောင်းပြခန်းများ စုံလင်စွာ ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။

ကုန်စည်ပြပွဲလာ ပရိသတ်များအတွက် မော်ဒယ်အကများ၊ မော်ဒယ်များက ကုန်ပစ္စည်း မိတ်ဆက်မှုများကိုလည်း ကြည့်ရှုနိုင်ရန် တင်ဆက်ပေးလျက်ရှိသည်။

စိတ်ဝင်စားဖွယ်

အရောင်းပြခန်းများအနက် Father Land ဆောက်လုပ်ရေးနှင့် အိမ်အလှဆင်လုပ်ငန်းပြခန်းတွင် ပြသထားသော ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲ အထပ်မြင့်လူနေအဆောက်အအုံပုံစံများကို ဒီဇိုင်းအမျိုးမျိုးဖြင့် ပြသထားသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ အလှမီနီယံ Wall Paper များ၊ မျက်နှာကြက် အလှဆင်ပြားများကိုလည်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေပြီး ပြပွဲကာလအတွင်း တိုက်ခန်းများကို အရစ်ကျ အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေကြောင်း Father Land မှ ဒါရိုက်တာ ဒေါ်သူဇာက ရှင်းပြသည်။

ဖျော်ဖြေ

ထို့နောက် မော်ဒယ်အကများဖြင့် ဖျော်ဖြေပြသနေသော မြင့်မိုရ်ဝင်းဆန်းကုမ္ပဏီမှ အရောင်းပြခန်းတွင်လည်း Aron Gold အလှကုန် ပစ္စည်းများ၊ အန်းနီအလှကုန်ပစ္စည်းများနှင့် Acrena Roll-on အလှကုန်ပစ္စည်းများကို ပျော်ရွှင်ဖွယ်ရာ ဂိမ်းအစီအစဉ်များ၊ ဉာဏ်စမ်းအမေးအဖြေများဖြင့် ပရိသတ်ပွဲကျအောင် ခင်းကျင်းပြသရောင်းချနေသည်ကို တွေ့ရသည်။ အသားလှဆီ၊ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ မျက်လုံးအလှခြယ် ပစ္စည်းများ၊ ရေမွှေးနှင့် နေ့၊ ည အသားလှခရင်မ်များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေရာ ဝယ်ယူသူများဖြင့် စည်ကားလှသည်။

လျှော့ဈေး

ထို့အပြင် ကုန်စည်ပြပွဲ အရောင်းပြခန်းတိုင်းတွင် ကုန်ပစ္စည်းများကို အထူးလျှော့ဈေးနှုန်းများဖြင့် ခင်းကျင်းပြသ ရောင်းချလျက်ရှိရာ အားပေးဝယ်ယူသူ၊ လေ့လာကြည့်ရှုသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

Yangon Expo 2009 ကုန်စည်ပြပွဲကို မတ်၂၀ရက်မှ ၂၃ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီ အထိ ခင်းကျင်းပြသထားရာ မည်သူမဆို အခမဲ့ သွားရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွှဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

အလက(၅) မရမ်းကုန်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၀

အလက(၅) မရမ်းကုန်း [ယခင် အမက(၃) မရမ်းကုန်း] ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဒေါ်မြသဇင် ဖုန်း-၀၉-၅၁၅၃၁၅၀၊ ဒေါ်ခင်မိုးသူ၊ ဒေါ်ခင်စိုးသူ ဖုန်း-၀၉-၅၁၇၅၁၁၄၊ ဒေါ်မြတ်ဟေမာ စိုး(A1 ရွှေဆိုင်) ဖုန်း-၆၅၁၅၈၂၊ ၀၉-၀၄၉၃၇၃၊ ဦးမြကြယ်၊ ဦးဝင်းလှိုင် ဖုန်း- ၇၂၆၈၇၇၊ ဦးသောင်းဟန် ဖုန်း-၆၅၀၄၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကမ္ဘာ့တစ်လွှားအားကစား

* ကျော့ဖုံးမှ

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်ကိုတော့ ဧပြီ ၂၈ရက်နဲ့ ၂၉ရက်တွေမှာ မန်ယူနဲ့ ပေါ်တိုနှစ်သင်းအနက် နိုင်တဲ့အသင်းက ဗီလာရီးရဲ သို့မဟုတ် အာဆင်နယ်နှစ်သင်းအနက် နိုင်တဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ယှဉ်ပြိုင်ကစား

ဒီလိုပါပဲ ချန်ပီယံလိဂ်အကြို ဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် လာမယ့် မေ ၅ရက်နဲ့ ၆ရက်တွေမှာ ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်နှစ်သင်းအနက် နိုင်တဲ့အသင်းက လီဗာပူး သို့မဟုတ် ချယ်လ်ဆီး နှစ်သင်းအနက် နိုင်တဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားကြရမှာ ဖြစ်ပါတယ်။

မန်ယူ

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ကို တက်ရောက်လာခဲ့တဲ့ ကလပ်အသင်းရှစ်သင်းရဲ့ အနေအထားကိုကြည့်ရင် မန်ယူအသင်းဟာ လက်ရှိချန်ပီယံလိဂ်ဖလားပိုင်ရှင်ဖြစ်ပြီး ချန်ပီယံလိဂ် အုပ်စု(င)မှာ ဗီလာရီးရဲ၊ အာဘီ၊ ဆဲလ်တစ်တို့နဲ့ တစ်အုပ်စုတည်း ပါဝင်ခဲ့ပါတယ်။ အုပ်စုပွဲမှာ နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ ရှုံးပွဲမရှိနဲ့ ၁၀မှတ်ရပြီး အုပ်စုပထမနဲ့ ၁၆သင်းအဆင့် တက်ရောက်ခဲ့ပြီး ၁၆ သင်းအဆင့်မှာ အင်တာမီလန်ကို နှစ်ပွဲပေါင်းရလဒ်နှစ်ဂိုး-ဂိုးမရှိနဲ့နိုင်ကာ ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ကွာတားဖိုင်နယ်ပွဲစဉ် မဲခွဲအပြီးမှာ မန်ယူနည်းပြ ဖာဂူဆန်က "ကျွန်တော်တို့ အကြိုဗိုလ်လုပွဲရောက်ဖို့ အခွင့်အရေးပါပဲ" ဟု ပြောကြားခဲ့ပါတယ်။

ပေါ်တို

ပေါ်တိုအသင်းဟာ အုပ်စု(ဆ)မှာ ပါဝင်ခဲ့ပြီး အာဆင်နယ်၊ ဒိုင်နမိုကိဗ်၊ ဖီနာဘာချီတို့နဲ့ အုပ်စုပွဲတွေကစားတဲ့အခါ လေးပွဲနိုင်၊ နှစ်ပွဲရှုံးနဲ့ ၁၂မှတ်ရပြီး အုပ်စုပထမနဲ့ ၁၆သင်းအဆင့် တက်ရောက်ခဲ့ပါတယ်။ ၁၆သင်းအဆင့်မှာ အက်သလက်တီကိုအသင်းနဲ့ နှစ်ပွဲပေါင်းရလဒ် နှစ်ဂိုးစီဖြစ်ပြီး အဝေးကွင်း ဂိုးကွာခြားမှုနဲ့ ကွာတားဖိုင်နယ် တက်ရောက်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။

ဘာစီလိုနာ

ဘာစီလိုနာအသင်းကတော့ အုပ်စု(ဂ)မှာပါဝင်ခဲ့ပြီး စပို့တင်း၊ ရှက်တာဒိုးနက်၊ အက်ဖ်ဗီဘာဆယ်တွေနဲ့ အုပ်စုပွဲကစားတဲ့အခါ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ အုပ်စုဒုတိယရကာ ၁၆သင်းအဆင့် တက်ရောက်လာခဲ့ပါတယ်။ ၁၆ သင်းအဆင့်မှာ လိုင်ယွန်အသင်းကို နှစ်ပွဲပေါင်း ခြောက်ဂိုး-သုံးဂိုးရလဒ်နဲ့ ကွာတားဖိုင်နယ်ကို တက်ရောက်လာခဲ့ခြင်း ဖြစ်ပါတယ်။

လီဗာပူး

လီဗာပူးအသင်းကလည်း အုပ်စု(ဃ) မှာပါဝင်ခဲ့ပြီး အက်သလက်တီကို၊ မာဆေးလ်၊ ပီအက်စ်ဗွီတို့နဲ့ အုပ်စုပွဲတွေကစားတဲ့အခါ လေးပွဲနိုင်၊ နှစ်ပွဲ သရေ၊ ရှုံးပွဲမရှိနဲ့ ၁၄မှတ်ရပြီး အုပ်စု ပထမနဲ့ ၁၆ သင်းအဆင့် ရောက်ခဲ့ပါ တယ်။ ၁၆သင်းအဆင့်မှာ ရီးရဲမက်ဒရစ် ကို နှစ်ကျော့ပေါင်း ငါးဂိုး-ဂိုးမရှိရလဒ်နဲ့ ကွာတားဖိုင်နယ်တက်ရောက်ခဲ့တဲ့ အသင်း ဖြစ်ပါတယ်။

ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းကတော့အုပ်စု(က) မှာ ရိုးမား၊ ဘော့ဒိုး၊ ကလူချ်အသင်းတွေနဲ့ အုပ်စုပွဲကစားတဲ့အခါ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ ၁၁မှတ်ရပြီး အုပ်စုဒုတိယနဲ့ ၁၆သင်းအဆင့် တက်ရောက်ခဲ့ပါတယ်။ ၁၆သင်းအဆင့်မှာ ဂျူဗင်းတပ်စ်ကို နှစ်ကျော့ပေါင်း ရလဒ် သုံးဂိုး-နှစ်ဂိုးနဲ့ ကွာတားဖိုင်နယ် တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်

အာဆင်နယ်အသင်းက အုပ်စု(ဆ) မှာ ဖီနာဘာချီ၊ ပေါ်တို၊ ဒိုင်နမိုကိဗ်တို့နဲ့ အုပ်စုပွဲကစားပြီး လေးပွဲနိုင်၊ နှစ်ပွဲရှုံး ၁၂မှတ်နဲ့ အုပ်စုပထမရရှိကာ ၁၆ သင်း အဆင့်တက်လာပါတယ်။ ၁၆သင်းအဆင့် မှာ ရိုးမားကို နှစ်ကျော့ပေါင်းရလဒ် ပယ်နယ်တီအဆုံးအဖြတ်နဲ့ ကွာတားဖိုင်နယ် တက်ရောက်လာခြင်း ဖြစ်ပါတယ်။ ဗီလာရီးရဲကတော့ အုပ်စု(င)မှာ မန်ယူ၊ အာဘီ၊ ဆဲလ်တစ်တို့နဲ့ အုပ်စုပွဲကစားခဲ့ပြီး နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး ကိုးမှတ်ရရှိပြီး အုပ်စုဒုတိယနဲ့ ၁၆သင်းအဆင့် တက်ရောက်လာပါတယ်။ ၁၆သင်း အဆင့်မှာ ပနာသီနာကို့စ်ကို နှစ်ကျော့ ပေါင်း ရလဒ် သုံးဂိုး-နှစ်ဂိုးနဲ့ ကွာတား တက်ရောက်လာတဲ့ အသင်းဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်

ဘိုင်ယန်မြူးနစ်အသင်းကတော့ အုပ်စု(စ)မှာ လိုင်ယွန်၊ ဖီအိုရင်တီးနား၊ စတုအာအသင်းတွေနဲ့ အုပ်စုပွဲ ကစားခဲ့တဲ့အခါ လေးပွဲနိုင်၊ နှစ်ပွဲသရေ ၁၄မှတ်ရရှိပြီး အုပ်စုပထမနဲ့ ၁၆သင်း အဆင့် ရောက်ရှိခဲ့ပါတယ်။ ၁၆သင်း အဆင့်မှာ စပို့တင်းလစ္စဘွန်းကို နှစ်ကျော့ ပေါင်း ရလဒ် ၁၂ဂိုး-တစ်ဂိုးနဲ့ ပြတ်ပြတ် သားသား အနိုင်ယူပြီး ကွာတားဖိုင်နယ် တက်ရောက်လာခဲ့တာဖြစ်ပါတယ်။

စောင့်မျှော်ကြည့်ရှု

ဒါကြောင့် ခြေစွမ်းထက်တဲ့ ကလပ်အသင်းတွေရဲ့ ကွာတားဖိုင်နယ် ပွဲစဉ်တွေကို စောင့်မျှော်ကြည့်ရှုရတော့မှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

(အင်တာနက်)

အမေရိကန်ဂေါက်သီးအကျော်အမော် မစ်ကယ်လ်ဆန် ဒဗလျူဂျီစီ-စီအေ ဆုဖလားဆွတ်ခူး

လန်ဒန် မတ် ၂၀

အမေရိကန်ဂေါက်သီးအကျော်အမော် ဖီးလ်မစ်ကယ်လ်ဆန်သည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဒေါ်ရယ်ဒေသတွင် ကျင်းပသည့် ဒဗလျူဂျီစီ-စီအေ ချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရာသီဥတုပူပြင်းမှုနှင့် အဖျားစတက်ခံကြောင့် ပင်ပန်းနွမ်းနယ်ပြီး ခန္ဓာကိုယ်အတွင်း ရေဓာတ်ခန်းခြောက်မှုများကို ကျော်လွှားကာ ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ရပ်တည်နိုင်ခဲ့

မကြာမီကကမ္ဘာ့အဆင့်(၂)ဂေါက်သီးသမားအဖြစ်ရပ်တည်နိုင်ခဲ့သူမစ်ကယ်လ်ဆန်သည် တတိယအဆင့်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အဖျားဝေဒနာ ခံစားခဲ့ရသဖြင့် ဆေးဝါးကုသမှုခံယူရန် လိုအပ်သည့်အခြေအနေသို့ ရောက်ရှိခဲ့သေးသည်။

ဆွတ်ခူးနိုင်ခဲ့

သို့သော်လည်း ယင်းပြိုင်ပွဲတွင် မစ်ကယ်လ်ဆန်သည် ၎င်းခံစားနေရသော အဖျားဝေဒနာကို အန်တုကာ သတ်မှတ်ရိုက်ချက်အောက် ၁၉ ချက်လျှော့ရိုက်ပြီး ဒုတိယနေရာမှ တစ်နိုင်ငံတည်းသား နစ်ခ်ဝက်တနေအား လျှော့ရိုက်ချက်တစ်ချက် အသာဖြစ်ကာ ဒဗလျူဂျီစီ-စီအေ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သရဖူဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အသာရ

ဝက်တနေသည် ကျင်းအမှတ် ၁၁နှင့် ၁၂တို့တွင် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်စီပိုရိုက်ပြီး ကျင်းနံပါတ်(၁၀)ရောက်သည်အထိ ပါ‌ငါးကြိမ်သာရခဲ့သည့်အတွက် မစ်ကယ်လ်ဆန်ထက် နောက်ကောက်ကျခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ဂေါက်သီးချန်ပီယံဆုကို ပထမဦးဆုံးဆွတ်ခူးနိုင်ခဲ့သူ မစ်ကယ်လ်ဆန်သည် နောက်ဆုံးအဆင့် ပတ်လည်ပြိုင်ပွဲတွင် ဝက်တနေနှင့် တန်းတူယှဉ်လိုက်ကာ နာတစ်ဖျားအသာရခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဗီလာနည်းပြ မာတင်အိုနေးလ် ပက်ထရော့ဗ်နှင့် စာချုပ်ထပ်မံချုပ်ဆိုရေး အပူတပြင်းဆောင်ရွက်နေ

လန်ဒန် မတ် ၂၀

အက်စ်တွန်ဗီလာနည်းပြ မာတင်အိုနေးလ်သည် အဓိကကွင်းလယ်ကစားသမား စတီလီယန်ပက်ထရော့ဗ်အား အသင်းနှင့်စာချုပ်သစ် ထပ်မံချုပ်ဆိုရန် ကမ်းလှမ်းထားပြီး ယင်းသို့ ချုပ်ဆိုဖြစ်အောင် အပူတပြင်းကြိုးပမ်းလျက်ရှိသည်။

၂၀၀၆ခုနှစ် နွေရာသီတွင် ဆဲလ်တစ် အသင်းမှ ပြောင်းရွှေ့ကြေး ပေါင် ခြောက်သန်းဖြင့် စာချုပ်ခေါ်ယူထားသူ ပက်ထရော့ဗ်သည် ဗီလာအသင်းနှင့် လက်ရှိ စာချုပ်သက်တမ်း ကုန်ဆုံးရန် ၁၅လသာ လိုတော့သည်။

ပြောကြား

ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်ဖွင့်စဉ်က မိမိ၏ ထိပ်တန်းဦးစားပေး အစီအစဉ်မှာ ပက်ထရော့ဗ်နှင့် စာချုပ်သစ် ထပ်မံချုပ်ဆိုနိုင်ရေးပင် ဖြစ်သည်ဟု အိုနေးလ်က အခိုင်အမာ ပြောကြားခဲ့သည်။

အိုနေးလ်သည် ဘူလ်ဂေးရီးယားလက်ရွေးစင် ပက်ထရော့ဗ်၏ ကိုယ်စားလှယ်များနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး မကြာမီရက်များအတွင်း ပက်ထရော့ဗ်နှင့် တိုက်ရိုက် ပြောဆိုဆွေးနွေးမှုများ ပြုလုပ်မည်ဟုဆိုသည်။ **(အင်တာနက်)**

သရဖူကာကွယ်မည့် အီလ်ကွတ်ခ် မက်ကလင်းနှင့် ထိုးသတ်ရန်စီစဉ်

လန်ဒန် မတ် ၂၀

ဗြိတိသျှ မစ်ဒယ်ဝိတ် ချန်ပီယံ ဝိန်း အီလ်ကွတ်ခ်သည် ပြိုင်ဘက် ဘာမင်ဂမ်လက်ဝှေ့သမား မက်သရူး မက်ကလင်းအား ယှဉ်ပြိုင်ထိုးသတ်လိုစိတ်ပြင်းပြနေကြောင်း ပြောကြားခဲ့သည်။ ၎င်းတို့ နှစ်ဦးသည် ပြီးခဲ့သည့် မတ် ၁၄ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

အသက် ၃၅နှစ်ရှိ အီလ်ကွတ်ခ်သည် ၂၀၀၇ခုနှစ် စက်တင်ဘာလက ဟိုဝပ် အိစ်မန်အား အနိုင်ထိုးသတ်ကာ လက်ရှိ သရဖူကို ရယူထားခဲ့ပြီး ၎င်းသရဖူ ကာကွယ်ရန်အတွက် အသက် ၂၆ နှစ်ရှိ မက်ကလင်းအားယှဉ်ပြိုင်ထိုးသတ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

နှလုံးခွဲစိတ်ခဲ့သူကင်နီယာ ဧပြီလတွင် နယူးကာဆယ်အား ပြန်လည်နည်းပြနိုင်ဖွယ်ရှိ

လန်ဒန် မတ် ၂၀

တတိယအကြိမ်နှလုံးခွဲစိတ်ကုသမှုခံယူပြီးနောက် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသူ နယူးကာဆယ် ယာယီနည်းပြ ဂျိုးကင်နီယာသည် လာမည့်ဧပြီလတွင် အသင်းအား ပြန်လည်နည်းပြနိုင်ဖွယ်ရှိကြောင်း နယူးကာဆယ်အသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

လာမည့် ဧပြီ၁ရက် သို့မဟုတ် ၁ရရက်တွင် အသင်းသို့ ကင်နီယာပြန်လာနိုင်မည်ဖြစ်ကြောင်း ၎င်းခွဲစိတ်ကုသမှုခံယူကတည်းက အသင်းအားတာဝန်ယူခဲ့သူ ခရစ်ဟတ်တန်က ပြောကြားခဲ့သည်။

(အင်တာနက်)

အပြေးမယ် ယာမာယူချီ မီနီမာရသွန် ရွှေတံဆိပ်ဆွတ်ခူး

လန်ဒန် မတ် ၂၀

အောက်စဖို့ဒ်မြို့ဖွား အပြေးမယ် မာရာယာမာယူချီသည် ပြီးခဲ့သည့် မတ် ၁၅ရက်က မက်ဆူးအမျိုးသမီး မီနီမာရသွန် ပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးလိုက်ခြင်းဖြင့် ၎င်း၏သရဖူကို ကာကွယ်နိုင်ခဲ့သည်။

တိုကျို အခြေစိုက် အပြေးမယ် ယာမာယူချီသည် လန်ဒန် မာရသွန်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်စဉ် ပြေးချိန် ၁ နာရီ ၁၀မိနစ် ၁၉စက္ကန့်ဖြင့် ၎င်း၏ ရွှေတံဆိပ်ဆုကို ကာကွယ်ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော်**မောင်ချိုတူး** ၅/ရဘန(နိုင်)၁၂၈၅၂၃ ကိုင်ဆောင်သူနှင့် **မမေသက်စိုး** ၉/မကန (နိုင်) ၁၀၃၈၃၂ တို့သည် မြောက်ဥက္ကလာပမြို့နယ် တရားရုံး၌ ၃၁-၁-၂၀၀၉ရက်တွင် နှစ်ဦးသဘောတူ တရားဝင်လက်ထပ်ပြီးစီးပါကြောင်း သိစေအပ်ပါသည်။ **မောင်ချိုတူး-မမေသက်စိုး။**

စက်မှုလက်မှု အထက်တန်းကျောင်း အမှတ်(၂)ရန်ကုန်(ဘောင်ဒရီ) T.H.S(2)

၂၀၀၉ ခုနှစ် စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲ

စက်မှုလက်မှု အထက်တန်းကျောင်းအမှတ်(၂) ရန်ကုန်(ဘောင်ဒရီ) T.H.S(2)တွင် ပညာသင်ယူခဲ့ကြသော တပည့်များမှ ဆရာဆရာမများအား ဂါရဝပြု ပူဇော်နိုင်ရန်နှင့် ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံနိုင်ရန် အတွက် ၂၂-၃-၂၀၀၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီ အချိန်တွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒက္ခိဏာရုံ ပရိယတ္တိစာသင်တိုက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်။ **မြတ်ဆရာပူဇော်ပွဲ အကျိုးဆောင်အဖွဲ့။**

KMD Computer Centre
Duration: 80 Hours
AutoCAD 3D

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

သမီးဖြစ်သူ မဥမ္မာအေး ၁၂/ဗဟန(နိုင်) ၀၇၇၀၂၈ သည်မိဘနှစ်ပါး၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စကိုမဆို တာဝန်မယူ၊ မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

(မေးမြန်းခြင်းသည်းခံပါ။)

ဦးသန်းဆင့်-ဒေါ်ခင်သက်နိုင်။

ACTED

CALL FOR TENDER

GOLDEN STAR

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်ပျဉ်းမနားနေ ဦးမောင်ကို-ဒေါ်သီတာအေးတို့၏သမီးဖြစ်သူ မတင်ရတနာဦး ၁၂/ဒဂန(နိုင်)၀၃၁၇၄၀ ကိုင်ဆောင်သူသည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၁၄-၂-၂၀၀၉ ရက်တွင် မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ **ဦးမောင်ကို ၁၂/ဒဂန(နိုင်)၀၁၁၉၀၃ နေပြည်တော်။**

FIRST IMAGE
Garment Factory outlet
Stock Clearance Sales - 30% to 70% Off
30000 - 5% Off
50000 - 10% Off
100000 - 15% Off
Ph - 545856, 557599

လူပျောက်ကြော်ငြာ

အဖ ဦးမောင်မောင်၏သား မောင်အောင်မင်းထွဋ် ၁၂/ ပဇတ (နိုင်) ၀၆၅၄၄၉ သည် ၁၄-၃-၂၀၀၉ရက်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန် လက်ခံထားသူအား အရေးယူမည်။

မခင်သက်သက်ထွန်း ၉၀ (3B)၊ ဒဂုံသီရိလမ်း၊ တာမွေမြို့နယ်။

UK - M +GCE "O" Level +Polytechnics +SAT I,II
No.55, Sanchaung Street, Sanchaung Township. 01-504824

ဥတုရာသီ တောကိုမှီ၏

ကမ္ဘောဇ ခြေစွမ်းပြပြီး အကြိုဗိုလ်လုပွဲတက်ရောက်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ- ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု-အေးအေးဝင်း (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၀

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) ကွင်းပိတ် ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ယနေ့ ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ ကမ္ဘောဇနဲ့ စွမ်းအင်အသင်းတို့ အကြိုဗိုလ်လုပွဲ တက်ရောက်သွားကြပါတယ်။

သုဝဏ္ဏကွင်း

ကမ္ဘောဇ - လေးဂိုး
ပို့ဆောင်ရေး - တစ်ဂိုး

ကမ္ဘောဇ အသင်းကတော့ အခု ကွင်းပိတ်ပြိုင်ပွဲမှာ တစ်ပွဲထက်တစ်ပွဲ ပိုပြီး ခြေစွမ်းပြ ကစားလာနိုင်တယ်လို့ ပြောရမှာဖြစ်ပြီး အခုပွဲမှာလည်း ပို့ဆောင်ရေးအသင်းကို တိုက်စစ်စွမ်းရည်ပြပြီး ဂိုးပြတ်သွင်းယူသွားခဲ့ပါတယ်။ ကမ္ဘောဇ အသင်း နောက်ထပ်ကျေနပ်စရာကောင်းတာကတော့ တိုက်စစ်မှူး နှစ်ဦးဖြစ်တဲ့ ကျော်သီဟနဲ့ စိုးမင်းဦးတို့ ခြေစွမ်းပြပြီး အနိုင်ဂိုး နှစ်ဂိုးစီ သွင်းယူနိုင်ခဲ့တာပါပဲ။ ပို့ဆောင်ရေးအသင်းကတော့ ပထမအကျော့မှာ တစ်ဂိုးတည်းနဲ့ ကပ်ပြီး ရှုံးထားတာကြောင့် အကြိုဗိုလ်လုပွဲ တက်ဖို့ မျှော်လင့်ချက်ရှိပေမယ့် အခုပွဲမှာ အမာခံကစားသမားတွေကို ထုတ်မသုံးခဲ့တာကြောင့် အားပျော့ပြီး ရှုံးနိမ့်ခဲ့ရတယ်ဆိုရင် မမှားပါဘူး။ ဒါ့အပြင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကမ္ဘောဇ F.Cမှာ ကစားဖို့ မတ် ၁၈ ရက်က အပြီးသတ် စာချုပ် ချုပ်ဆိုခဲ့ပြီး ဖြစ်တဲ့ အသင်းခေါင်းဆောင် မျိုးမြင့်အောင် အပါအဝင် ဝင်းမင်းထွဋ်၊ ထက်အောင်တို့ကို ပို့ဆောင်ရေးအသင်းဟာ အရန်စာရင်းထဲမှာတောင် ထည့်မထားခဲ့ပါဘူး။

ဖွင့်ဆော်ဦးဂိုး

ကမ္ဘောဇအသင်းကတော့ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားပြီး ပို့ဆောင်ရေးဘက်ကို ဖိအားပေးခဲ့ပါတယ်။ ပွဲအစပိုင်းမှာ ရရှိတဲ့အခွင့်အရေးတွေကို

ကမ္ဘောဇမှ အောင်မိုး၏ ထိုးဖောက်မှုကို ပို့ဆောင်ရေး နောက်ခံလူ မင်းနောင်ဦး ကာကွယ်ဖျက်ထုတ်စဉ်။ (မြန်မာ့အလင်း)

အသုံးမချနိုင်ခဲ့ပေမယ့် ၂၅ မိနစ် မှာတော့ ကမ္ဘောဇတို့ ဖွင့်ဆော်ဦးဂိုးရသွားပါတယ်။ ရဲမောင်မောင် အလယ်ကြောက တင်ပေးတဲ့ ဘောလုံးကို ကျော်သီဟက အလိုက်သင့် ပြေးထွက်ပြီး ပိတ်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ဂိုးရပြီးနောက်ပိုင်းမှာ ကမ္ဘောဇ ဆက်တိုက်ဖိကစားလာပြီး ၂၈ မိနစ်မှာ ကျော်သီဟက ဒုတိယဂိုး ထပ်မံသွင်း ယူသွားပါတယ်။ ပြည့်ဖြိုးဦး၊ အောင်မြင့်ထွန်းနဲ့ကြည်လင်းတို့ရဲ့ တိုက်စစ်အတွဲဟာ ကမ္ဘောဇခံစစ်ကြောင်းကို အခက်တွေ့စေပေမယ့် ဂိုးသမားကျော်ဇင်ထက် သေချာပေါက်ဂိုးအချို့ကို ကာကွယ်သွားနိုင်ပါတယ်။

မျိုးမြင့်အောင်၊ ကျော်ဇေယျာမင်း၊ ဇော်ရဲမောင်တို့မပါတဲ့ ပို့ဆောင်ရေးနောက်တန်းဟာ အားပျော့နေလို့ ဒုတိယပိုင်းမှာလည်း ကမ္ဘောဇတို့ ဖိကစားနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ကမ္ဘောဇကစားသမားတွေကို တစ်ဦးချင်း ထိန်းချုပ်နိုင်ခြင်းမရှိလို့ တိုက်စစ်မှူး စိုးမင်းဦးက ၄၇ မိနစ်နဲ့ ၅၉ မိနစ်မှာ အနိုင်ဂိုး နှစ်ဂိုးထပ်မံ သွင်းယူခဲ့ပါတယ်။ ပို့ဆောင်ရေးအတွက် နှစ်သိမ့်ဂိုးကို ၅၄ မိနစ်မှာ ကြည်လင်းက သွင်းယူခဲ့ပါတယ်။

အောင်ဆန်းကွင်း

စွမ်းအင် - နှစ်ဂိုး
သစ်တောရေးရာ - နှစ်ဂိုး

အခုပွဲမှာ သရေကျခဲ့ပေမယ့် စွမ်းအင်က ပထမအကျော့မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရထားတာကြောင့် နှစ်ကျော့ပေါင်း လေးဂိုး-သုံးဂိုးနဲ့ အကြိုဗိုလ်လုပွဲကို တက်ရောက်သွားပါတယ်။ အကြိုဗိုလ်လုပွဲကို မတ် ၂၃ ရက်မှာ ပထမအကျော့၊ ၂၆ ရက်မှာ ဒုတိယအကျော့ ကစားကြမှာပါ။ မတ် ၂၃ရက်မှာ ကစားမယ့် ပထမအကျော့ပွဲစဉ်မှာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်နဲ့ ကမ္ဘောဇက အောင်ဆန်းကွင်း၊ စီးပွား/ကူးသန်းနဲ့ စွမ်းအင်က သုဝဏ္ဏကွင်းတို့မှာ ကစားကြမှာဖြစ်ပါတယ်။

ယနေ့ပွဲ

အောင်ဆန်းကွင်း

ပထမတန်းကွင်းပိတ်ဗိုလ်လုပွဲ
SARA F.C - တပ်မတော်လေ

(မြန်မာ့အလင်း)

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၂၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်မှာ သာယာဝတီမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ညောင်ဦးမြို့တွင် ၀ ဒသမ၉၁လက်မနှင့် မြိတ်မြို့တွင် ၀ ဒသမ၄၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၂၁ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မတ်လ စတုတ္ထရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာဖွယ်ရှိပြီး နေပြည်တော်နှင့် မန္တလေးတိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ။

အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်ခဲ့

နေပြည်တော် မတ် ၂၀

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁နာရီ ၀၀ မိနစ် ၄၇ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၆၇၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ တောင်ပစိဖိတ်သမုဒ္ဒရာ ပင်လယ်ပြင်တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၉ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ရင်းဗြိမ်ရေထိန်းတံခါးကြောင့် ရေနက်ကွင်း၊ ရေကြီးကွင်းမှ လယ်ယာမြေများ ပြန်လည်ဖော်ထုတ် စိုက်ပျိုးနိုင်ခဲ့ပြီ



သတင်းမှတ်စု
နုနုရီနှင့် အေးသန္တာသိန်း

ဓာတ်ပုံမှတ်တမ်း
မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု
သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၀

စိုက်ပျိုးထုတ်လုပ်မှုကောင်းမွန်အောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေရရှိရေးနှင့် ရေကြီး၊ ရေနစ်မြုပ်သည့်ဒေသများ၌ စိုက်ပျိုးမြေများ အောင်မြင်စွာစိုက်ပျိုးနိုင်ရန် ရေဘေးကင်းဝေးရေးသည်လည်း အဓိကကျသည့် အချက်တစ်ချက်ပင်ဖြစ်သည်။

ဖြန့်ကြက်တည်ဆောက်

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်းနှင့် မိုးနည်းရေရှားဒေသများတွင် အကြီးစား၊ အလတ်စားနှင့် အငယ်စား ရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများကို လိုအပ်ချက်နှင့်အညီ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။ ထို့အပြင် အောက်ပိုင်းဒေသများတွင်လည်း ရေဘေးကာကွယ်ရေးအတွက် ရေထိန်းတံခါးများကိုပါ တည်ဆောက်ပေးခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ ●

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

အဝလွန်သူများ သာမန်ထက် သက်တမ်းပိုတိုဟုဆို

အဝလွန်ခြင်းသည် ကျန်းမာရေး ထိခိုက်စေသည့်အပြင် သက်တမ်းတိုစေကြောင်း ပြင်သစ်သုတေသနပညာရှင်များက ပြောကြားသည်။

ထိခိုက်မှုဖြစ်စေ

အဝလွန်ခြင်းကြောင့် ခန္ဓာကိုယ် အစိတ်အပိုင်းများတွင် ကိုယ်လက်စထရောများ တဖြည်းဖြည်းချင်းတိုးပွားလာကာ ကျန်းမာရေးကို ထိခိုက်မှုဖြစ်စေကြောင်း သိရသည်။

ထိုသို့ ဇီဝဖြစ်စဉ်ထိခိုက်မှုကြောင့် သွေးများအတွင်းရှိ ကလာပ်စည်းများပျက်စီးစေမှုနှင့် ခန္ဓာကိုယ်အတွင်း ခုခံမှုဆဲလ်များ သန့်စွမ်းမှုကို ထိခိုက်စေသည်ဟု သိရသည်။

တွေ့ရှိရ

အဝလွန်သော အမျိုးသား အမျိုးသမီး ၃၀၀၀ ခန့်အား သုံးနှစ်ခန့် သုတေသနပြုခဲ့ရာ သာမန်ကိုယ်အလေးချိန်ရှိသော အမျိုးသား အမျိုးသမီးများထက် နှစ်နှစ်ခန့် သက်တမ်းပိုမိုလျော့နည်းစွာ နေထိုင်ရသည်ကို တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

ဆိုးရွား

ထို့အပြင် အဝလွန်မှုကြောင့် သွေးအတွင်း ကိုယ်လက်စထရောစုပုံမှုဖြစ်ပေါ်စေကာ ကိုယ်ခန္ဓာအစိတ်အပိုင်းများအား ဆိုးရွားသောရောဂါများဖြစ်ပွားစေကြောင်း သိရသည်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များ မဲနှိုက်ရွေးချယ်

လက်ရှိချန်ပီယံမန်ယူတို့ ပေါ်တိုနဲ့ဆုံတွေ့ပြီး အခွင့်အရေးသာ

အင်္ဂလန်နှစ်သင်း လီဗာပူးနှင့် ချယ်လ်ဆီးတို့ ထိပ်တိုက်တွေ့ဆုံ

အားကစားသတင်းမှတ်စု - မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

နွန် မတ် ၂၀

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်အတွက် အသင်းတွေကို မတ် ၂၀ ရက်က ဆွစ်ဇာလန်နိုင်ငံ နွန်မြို့မှာ မဲနှိုက်ရွေးချယ်တဲ့အခါ ဗီလာရီးရဲနဲ့ အာဆင်နယ်၊ လက်ရှိချန်ပီယံမန်ယူနဲ့ ပေါ်တို၊ လီဗာပူးနဲ့ ချယ်လ်ဆီး၊ ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်တို့ ယှဉ်ပြိုင်ကစားဖို့ စာရင်းထွက်လာခဲ့ပြီ ဖြစ်ပါတယ်။

အာဆင်နယ်

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ ကစားရမှာဖြစ်တဲ့အတွက် အာဆင်နယ်ဟာ ပထမအကျော့ပွဲစဉ်အဖြစ် ဗီလာရီးရဲကွင်းမှာ သွားကစားရမှာ ဖြစ်ပါတယ်။ ဒီလိုပါပဲ ပထမအကျော့ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အိမ်ကွင်းမှာ မန်ယူ၊ လီဗာပူးနဲ့ ဘာစီလိုနာတို့ ကစားကြရမှာဖြစ်ပါတယ်။

ပထမအကျော့နဲ့ ဒုတိယအကျော့

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်တွေကို ဧပြီ ၇ ရက်နဲ့ ၈ ရက်တွေမှာ ကစားကြရမှာဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်တွေကို ဧပြီ ၁၄ ရက်နဲ့ ၁၅ ရက်တွေမှာ ကစားကြရမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၁ *

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)